# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၉၃)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် ၊ ၂၆-၉-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးသွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ကာဇက်စတန်နိုင်ငံသမ္မတ အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅" ၏ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

"ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025)" ကို ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် "နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာသစ်အမြင်ဆီသို့ (From a New Technological Rollout to a New Worldview)" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် မျက်နှာစုံညီ ထိပ်သီး အစည်းအဝေးသို့ပါဝင်တက်ရောက်ဆွေးနွေးသည်။

အဆိုပါ "ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် - ၂၀၂၅ (World Atomic Week Forum 2025)" သို့

စာမျက်နှာ ၄ သို့ ○




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum 2025)"၏ မျက်နှာစုံညီထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၆ ရက်၊ သောကြာနေ့။

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပမည်

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် ဘာသာရပ်များတွင် ပြိုင်ပွဲဝင်များ အဆင့်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင် စိစစ်ရေးဆပ်ကော်မတီက ချမှတ်ထားသည့် ပြိုင်ပွဲဝင်စည်းကမ်းချက်များနှင့်အညီ စိစစ်ရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲအကြိုကာလ လုံခြုံရေးအစီအစဉ်အဖြစ် ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခန်းများရိုက်ကူးပြီး မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပြသရေး၊ ပြိုင်ပွဲဦးတည်ချက်များ၊ အဆိုနှင့် အတီး စံပြတေးသီချင်းများ ထုတ်လွှင့်ရေး၊ လုံခြုံရေးဆိုင်းဘုတ်များ စိုက်ထူရေးတို့ကို ဆောင်ရွက်ကြရန်၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုတင်စစ်ဆေးကာကွယ်မှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ရန်၊ ယခုနှစ်ကျင်းပမည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြင့်က ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်ကာလ၊ ပြိုင်ပွဲကာလ၊ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအပါအဝင် ပြိုင်ပွဲပြီးဆုံးချိန်အထိ မူလစီမံထားရှိသည့်အတိုင်း စီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာ အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

**၂၅ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါး များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း ၅၃လမ်းနှင့် ၅၄လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ ၅၉ လမ်း၊ ၁၄၀ လမ်းထောင့် တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဓဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေနိုင်ရေး စာမူများရွေးချယ်

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃) နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေး အတွက် မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍစသည့် ကဏ္ဍစုံထည့်သွင်းဖော်ပြနိုင်ရေးအတွက် စာမူများ ရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ (၃၃)နှစ်မြောက်အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးတွင် အသုံးပြုဖော်ပြသွားမည့်စာမူများကို အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ စာရေးဆရာများအသင်း ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မန္တလေးနေ့စဉ်သတင်းစာတိုက် စာတည်းမှူးနှင့် အယ်ဒီတာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး စာမူများကို ရွေးချယ်စိစစ်ခဲ့ကြကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၃**

**(အောက်ပုံ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့်တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ သမ္မတအုပ်ချုပ်မှုရုံး ဒုတိယအကြီးအကဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏လက်ထောက်အရာရှိ ဘဏ္ဍာရေး၊ စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်ပြီး အဆွေတော် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ချိန်များတွင် နှစ်နိုင်ငံအကြားသဘောတူညီချက်များစွာကိုလည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားရရှိထားသည့် သဘောတူညီ ချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

★ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထားပြီးရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အတွက် ရုရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း မိမိအနေဖြင့် ကြိုဆို

★ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ-ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်သံတမန်ဆက်ဆံရေးသည်လည်း ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထားပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန်အတွက် ရုရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုကျင်းပသွားမည်ဖြစ်ပြီး ကျင်းပပြီးစီးပါက ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြားကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့် အရာရှိကြီးများနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများ၊ ကုမ္ပဏီကြီးများမှ အကြီးအကဲများ၊ CIS၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက ဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများအား ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင်အဏုမြူ စွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က အဖွင့်အမှာစကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ IAEA ၏ ညွှန်ကြားရေးမှူးချုပ်တို့ အပါအဝင် တက်ရောက်လာကြသည့် နိုင်ငံတကာမှ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများက မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

**နျူကလီးယား လုပ်ငန်းများအတွက် ရည်မှန်းချက်ကောင်းများ ဆွေးနွေးမျှဝေ**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူလုပ်ငန်းများ၏ နှစ်(၈၀)ပြည့် အခမ်းအနားနှင့် ဆက်စပ်ကျင်းပသည့် ယခု အပြည်ပြည်ဆိုင်ရာဖိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ်သည် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာ၏ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၊ စိုက်ပျိုးရေး၊ ဆေးပညာနှင့် စက်မှုကဏ္ဍများအပေါ် အထောက်အကူပြုခဲ့သည့်သမိုင်းကြောင်းကို ဖော်ပြပေးသည်သာမက အနာဂတ် နျူကလီးယား လုပ်ငန်းများအတွက် ရည်မှန်းချက်ကောင်းများကို ဆွေးနွေးမျှဝေပေးနိုင်မည့် ဖိုရမ်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် "အရာရာတိုင်းသည် အက်တမ်တစ်ခုမှ



"ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum 2025)"၏ မျက်နှာစုံညီထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

စတင်သည်(Everything starts with an atom.)" ဆိုသည့်အတိုင်း မိမိတို့အပါအဝင် စကြဝဠာကြီးထဲတွင်ရှိသည့် အရာဝတ္ထုများအားလုံးသည် အက်တမ်များနှင့် ဖွဲ့စည်းထားခြင်းပင်ဖြစ်ကြောင်း။

အဆွေတော်တို့ သိကြသည့်အတိုင်း အက်တမ်၏ နျူကလိယပ်စ်ထဲက ကြီးမားသည့် နျူကလီးယားအားကို ထိန်းချုပ်အသုံးချနိုင်ခဲ့ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပြင် ဆေးပညာ၊ စိုက်ပျိုးရေးနှင့်စက်မှုကဏ္ဍများကို များစွာဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း ဆိုဗီယက်ပြည်ထောင်စုကာလ ၁၉၅၄ ခုနှစ် ဇွန် ၂၆ ရက်မှစ၍ ကမ္ဘာ့ပထမဦးဆုံး နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ယခု လက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် လောင်စာသစ်များကို ထုတ်လုပ်ပေးနိုင်သည့် အမြန်နျူထရွန်သုံးနျူကလီးယား ဓာတ်ပေါင်းဖို(Fast Breeder Reactors)များကို အောင်မြင်စွာလည်ပတ်နိုင်သည့် တစ်ခုတည်းသော နိုင်ငံတစ်ခုလည်း ဖြစ်ကြောင်း။

မူဝါဒရေးဆွဲသူများနှင့် ရည်မှန်းချက်ကြီးမားသူများအားလုံးကို မိမိ၏နှလုံးသားထဲမှ လှိုက်လှဲစွာဖြင့် ချီးကျူးဂုဏ်ပြုစကားပြောကြားလိုကြောင်း။

**ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကိုပူးတွဲအသုံးပြု**

ကမ္ဘာ့စွမ်းအင် လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ(IEA)၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရယူလျက်ရှိပြီး World Net-Zero Carbon Emissions အရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်ပြီး တည်ငြိမ်လျှပ်စစ်စွမ်းအားကိုလည်း ပေးစွမ်းနိုင်ကြောင်း။

ထို့ပြင် စိုက်ပျိုးရေးတွင် နျူကလီးယားနည်းပညာသည်လည်း ပိုးသတ်ဆေးအသုံးပြုမှုကို လျှော့ချနိုင်စေခဲ့ သကဲ့သို့ ဂေဟာစနစ်များကို ကာကွယ်ပေး ခြင်းနှင့် ရေရှည်တည်တံ့သည့် ရိတ်သိမ်းမှုများကို ဖြစ်စေကြောင်း၊ မိမိတို့ကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာအကျိုးဖြစ်စေကြောင်း။

ဆေးပညာပိုင်းတွင်ဆိုပါက ရေဒီယိုအိုင်ဆိုတုပ်များနှင့် နျူကလီးယား ပုံရိပ်ဖော်နည်းပညာများသည် ရောဂါကို ရှာဖွေခြင်းနှင့် ကုသခြင်းနည်းလမ်းများကို ပြောင်းလဲစေခဲ့ကြောင်း၊ ကင်ဆာရောဂါများကို စောစီးစွာသိရှိနိုင်ခြင်းနှင့် ရေဒီယိုဓာတ်ရောင်ခြည်နည်းဖြင့် ကုသခြင်း (Radiotherapy)က ရရှိလာသည့် တိကျသည့် ပစ်မှတ်ထားကုသမှုတို့ကြောင့် နှစ်စဉ်နှစ်တိုင်း သန်းနှင့်ချီသည့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပြီး မရေမတွက်နိုင်သော လူပေါင်းများစွာ၏ ဘဝများကို ပိုမိုကောင်းမွန်စေခဲ့ကြောင်း၊ နျူကလီးယားဆေးပညာသည် လူသားမျိုးနွယ်အတွက် သိပ္ပံပညာအစွမ်းဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်း၏ ဥပမာတစ်ရပ် ဖြစ်ကြောင်း။

- ❖ **ကမ္ဘာ့စွမ်းအင်လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ(IEA)၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း**
- ❖ **ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရယူလျက်ရှိပြီး** World Net-Zero Carbon Emissions **အရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း**
- ❖ **နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့်** Green Energy **တစ်ခုလည်း ဖြစ်ပြီး တည်ငြိမ်လျှပ်စစ်စွမ်းအားကိုလည်း ပေးစွမ်းနိုင်**

နှစ်ပေါင်း (၈၀)ကျော်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နျူကလီးယားကဏ္ဍကို အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ငြိမ်းချမ်းသော အဏုမြူဆိုင်ရာ သိပ္ပံပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးရှူးတန်ဆောင်တစ်ခုအဖြစ် မယိမ်းယိုင်ဘဲ ခိုင်မြဲစွာ ပြောင်းလဲပေးခဲ့ကြသည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ နည်းပညာများသည် ပို၍ဘေးကင်းလုံခြုံပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည့် အစားအစာထုတ်လုပ်မှုကို ပံ့ပိုးပေးပါကြောင်း၊ မျိုးဗီဇ ပြောင်းလဲမွေးမြူခြင်းကဲ့သို့ အစီအစဉ်များသည် မိုးခေါင်ရေရှားမှု၊ ပိုးမွှားနှင့် ရောဂါများကို ခံနိုင်ရည်ရှိသည့် သီးနှံများကို ထုတ်လုပ်ပေးခဲ့ပြီး မျိုးပွားနိုင်မှုမရှိသည့် အင်းဆက်

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် နယ်ပယ်အသီးသီးတွင် အသုံးချပါက လူသားမျိုးနွယ်အတွက် များစွာအကျိုးပြုသလို အခြားတစ်ဖက်တွင်လည်း အားနည်းချက်များရှိကြောင်း၊ နျူကလီးယားစွမ်းအင် အသုံးပြုသည့်အခါ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မထိခိုက်အောင် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ခြင်း၊ နျူကလီးယားဒြပ်ပစ္စည်းများမှ ဓာတ်ရောင်ခြည်ယိုစိမ့်မှုမဖြစ်အောင် ကာကွယ်ရန်လိုအပ်ခြင်းနှင့် နျူကလီးယား မတော်တဆမှုများ မဖြစ်ပွားအောင် စိတ်ချရသည့် ဘေးကင်းလုံခြုံမှုရှိအောင် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ခြင်းတို့ရှိကြောင်း။

မြန်မာနိုင်ငံသည် နျူကလီးယား စွမ်းအင် အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နျူကလီးယားစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ် စတင်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် နျူကလီးယားနယ်ပယ်တွင် အတွေ့အကြုံကြွယ်ဝပြီး ထိပ်တန်းဖြစ်သည့် ရုရှားနိုင်ငံနျူကလီးယားစက်ရုံနှင့် နည်းပညာအပေါ် မီဒီယာမျိုးစုံနှင့် ပြည်သူလူထု ပိုမိုနားလည် သဘောပေါက်စေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တစ်ဆက်တည်း၌ပင် အမျိုးသားအဆင့် နျူကလီးယားအခြေခံ အဆောက်အအုံ နယ်ပယ်များ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းလမ်းညွှန်ချက်များ(Terms of Reference - ToR) ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "ROSATOM"နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး "သိပ္ပံပွဲတော် ၂၀၂၃" နှင့် "သိပ္ပံပွဲတော် ၂၀၂၄" တို့ကို နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)တို့၌ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် မြန်မာကျောင်းသားများကို နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတများစွာ ရရှိစေခဲ့ကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

☆ **နျူကလီးယားစွမ်းအင်ဟာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်ယူပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထား**

☆ **မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ROSATOM မှ ချီးမြှင့်သည့်ပညာသင်ဆုအစီအစဉ်ဖြင့် Small Modular Reactor-SMR အတွက် လုပ်ငန်းလိုအပ်ချက်များအပါအဝင် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ ဆောင်ရွက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းမှတ်တိုင် (၃)ခု၊ လုပ်ငန်းအဆင့် (၃) ခုတို့ဖြင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ROSATOM ၏ Timeline အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၅၇ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency-IAEA) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ချိန်မှစပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (Technical Cooperation) တွင် ပါဝင်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီအနေဖြင့် လုပ်ငန်းရန်ပုံငွေပံ့ပိုးပေးခြင်း၊ စက်ပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်း၊ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးခြင်းတို့အပြင် လူ့စွမ်းအားအရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် ပါဝင်စေခြင်း၊ နည်းပညာဆိုင်ရာသင်တန်းများပေးခြင်း၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ဆောင်ရွက်စေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက ကြီးမှူးကျင်းပသည့် နျူကလီးယားဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ နျူကလီးယားဥပဒေကို ပြင်ဆင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ROSATOM နည်းပညာအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ ကြီးမှူးကျင်းပသည့် နိုင်ငံခြားကျွမ်းကျင်သူများအတွက် အမျိုးသားအဆင့် နျူကလီးယား အစီအစဉ်များ အကောင်အထည်ဖော်မှုတွင်ပါဝင်သည့် အငယ်စား နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံများနေရာချထားခြင်းဆိုင်ရာ ဒေသတွင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး သင်တန်းကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် IAEA အဖွဲ့ဝင်နိုင်ငံအဖြစ် နျူကလီးယားနယ်ပယ်များ မြန်မာနိုင်ငံမှာအသုံးပြုနိုင်ရေးနှစ်ပေါင်းများစွာကတည်းက ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တုံ့နှေးနေခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ရုရှားနိုင်ငံနှင့် ပူးပေါင်းကာ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ကြိုးစားခဲ့မှု၊ ရုရှားနိုင်ငံ၏ အဘက်ဘက်မှ အားဖြည့်ဆောင်ရွက်ပေးမှုတို့ကြောင့် တိုးတက်မှုများ သိသာစွာရရှိခဲ့ပြီဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ဟာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်ယူပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း။

**ကျေးလက်နေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံရှိ တက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး စီမံလုပ်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကနဦးခြေလှမ်းအဖြစ် အငယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ရေးအတွက် ROSATOM နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် အခြားသောကဏ္ဍပေါင်းစုံ တိုးချဲ့ဆောင်ရွက်နိုင်ရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အငယ်စားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့်နျူကလီးယား အခြေခံအဆောက်အအုံ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြားလိုအပ်သည့် လုပ်ငန်းများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ROSATOM တို့က တတ်နိုင်သမျှ မြန်မာနိုင်ငံကို ဆက်လက်ကူညီပေးပါရန် မိမိအနေဖြင့် အလေးအနက်ထား မေတ္တာရပ်ခံအပ်ပါကြောင်း။

အလားတူ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ဆောင်ရာတွင် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပေးရန်လည်း မိမိအနေဖြင့် အလေးအနက်ထား မေတ္တာရပ်ခံအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ယခု အပြည်ပြည်ဆိုင်ရာဖိုရမ်ကမ္ဘာ့အဏုမြူသီတင်းပတ်ကို တက်ရောက်လာကြသည့်နိုင်ငံများနှင့်လည်း နျူကလီးယားနည်းပညာကဏ္ဍနှင့် ပတ်သက်သည့် သင့်လျော်ရာ Sector များ၌လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မိတ်ဖက်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လိုကြောင်းနှင့် အဏုမြူစွမ်းပကားဖြင့် ကမ္ဘာ့ပြည်သူများ ငြိမ်းချမ်းသာယာဖွံ့ဖြိုး၍ အကျိုးပြုပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum 2025)"ကို ရုရှားနိုင်ငံနျူကလီးယားကော်ပိုရေးရှင်း Rosatom က ပြည်တွင်းနျူကလီးယားစက်မှုလုပ်ငန်း၏ နှစ် (၈၀) ပြည့် အထိမ်းအမှတ်အဖြစ် နျူကလီးယားနည်းပညာ၏ ငြိမ်းချမ်းရေးဆိုင်ရာ အသုံးဝင်မှုများကို ကမ္ဘာ့တစ်ဝန်းမြှင့်တင်ရန်ရည်ရွယ်၍ ယနေ့ စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ဖိုရမ်၏ လုပ်ငန်းအစီအစဉ်များကို နျူကလီးယားအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများ၊ ကုမ္ပဏီကြီးများမှ အကြီးအကဲများ၊ CIS ၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက ဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကြကာ သန့်ရှင်းသော စွမ်းအင်၊ အဆင့်မြင့်ဆေးဘက်ဆိုင်ရာ၊ ကောင်းမွန်သော ပတ်ဝန်းကျင်၊ စက်မှုဆန်းသစ်မှု၊ ဂေဟဗေဒ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သိပ္ပံပညာရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ လူငယ်အစီအစဉ်များကို ဦးစားပေးကျင်းပသွားမည်ဖြစ်ပြီး ရုရှား Knowledge အသင်းမှ ဦးဆောင်သည့် သိပ္ပံနှင့်ပညာ ပြန့်ပွားရေးရန်ပုံငွေပြိုင်ပွဲ "Knowledge First" ကို ပြုလုပ်မည်ဖြစ်ကာ နိုင်ငံတကာဆွေးနွေးပွဲ ပလက်ဖောင်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်အထိမ်းအမှတ် ပြိုင်ပွဲဝင်ဓာတ်ပုံများ ရွေးချယ်

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ယနေ့ နံနက် ၉ နာရီခွဲက ဓာတ်ပုံပညာရှင်များက အမှတ်ပေးရွေးချယ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၉ ဦးတို့၏ ဓာတ်ပုံပေါင်း ၄၅ပုံရှိပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုငါးဆုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အမှတ်ပေးဒိုင်လူကြီးများအဖြစ် ဒေါက်တာမောင်မောင်ကြီး၊ ဆရာဇေမောင်သိန်း(မန်းတက္ကသိုလ်)နှင့် ဖရန့်ကီထွန်းတင်တို့က ဆောင်ရွက်ခဲ့ကြသည်။

"ပြိုင်ပွဲဝင်ဓာတ်ပုံတွေကို ဓာတ်ပုံပညာရှင် သုံးဦးက အမှတ်ပေးရွေးချယ်ပါတယ်။ ဆုရဓာတ်ပုံတွေကိုတော့ စက်တင်ဘာ ၃၀ ရက်မှာ ထုတ်ပြန်ကြေညာသွားမှာဖြစ်ပြီး အောက်တိုဘာ ၆ ရက်ညနေပိုင်းမှာ ကျင်းပမယ့် ဂီတဆည်းဆာပွဲမှာ ဆုချီးမြှင့်ပေးမှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(ဝဲပုံ)**

ပြိုင်ပွဲဆုများနှင့် ပတ်သက်၍ ပထမဆုကို ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုကို ငွေကျပ် ငါးသိန်း၊ တတိယဆုကို ငွေကျပ် သုံးသိန်းနှင့် နှစ်သိမ့်ဆု ငါးဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်းစီ အသီးသီးချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို ရာပြည့်ပွဲတော်တွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# မန္တလေးအိမ်ခြံမြေဈေးကွက်တွင် သိန်းသုံးထောင်မှ သိန်းငါးထောင်ဝန်းကျင်မြေကွက်များ အရောင်းအဝယ်ဖြစ်နေ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးအိမ်ခြံမြေဈေးကွက်တွင် ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ငွေကျပ် သိန်းသုံးထောင်မှ ငွေကျပ် သိန်းငါးထောင်ဝန်းကျင်ရှိ မြေကွက်များ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဖိုးလမင်းအိမ်ခြံမြေကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏစိုးထံက သိရသည်။

"အိမ်ခြံမြေဈေးကွက်ထဲမှာတော့ မြို့သစ်နဲ့ စက်မှုဇုန်ဘက်က မြေကွက်တွေက အရောင်းအဝယ်ဖြစ်နေတယ်၊ အဓိက ငွေကျပ်သိန်းထောင်ဂဏန်းဝန်းကျင် မြေကွက်တွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ အဲ့ဒီဘက်တွေမှာ ဩဂုတ်လကုန်အထိတော့ တော်တော်လေး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

ကားပြခန်းများ၊ ကုမ္ပဏီများ၊ ဆိုင်ခန်းဖွင့်လှစ်လိုသူများနှင့် လူနေအဆောက်အအုံများကို ဆောက်လုပ်လိုသူများက ဝယ်ယူမှုအများဆုံးပြုလုပ်ကြကြောင်း၊ ငွေကျပ် သိန်းသုံးထောင်မှ ငါးထောင်ဝန်းကျင်တွင် အရောင်းအဝယ် သွက်လက်လျက်ရှိပြီး ငွေကျပ် သိန်းငါးထောင်မှ ငွေကျပ် သိန်းတစ်သောင်းဝန်းကျင် အိမ်ခြံမြေများမှာလည်း ပုံမှန်အရောင်းအဝယ်ရှိနေသည်။

"မန္တလေးမြို့တွင်းမှာလည်း ငွေကျပ် သိန်းသောင်းဂဏန်းမြေကွက်တွေလည်း အရောင်းအဝယ်ဖြစ်တာတွေ့ရသလို၊ ထောင်ဂဏန်းတွေလည်း အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်၊ မြေနေရာအနေအထားပေါ်မူတည်ပြီးတော့ ဈေးနှုန်းကွာခြားမှုတွေရှိပါတယ်" ဟု မြန်မာနိုင်ငံအိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းဒုတိယဥက္ကဋ္ဌ (၂) ဒေါ်ယုယုဇော်က ပြောသည်။ **(အောက်ဝဲပုံ)**

အိမ်ခြံမြေအရောင်းအဝယ်ဖြစ်သကဲ့သို့ အငှားဈေးကွက်မှာလည်း ကောင်းမွန်လျက်ရှိပြီး ငွေကျပ် ဆယ်သိန်းမှ ငွေကျပ် သိန်းငါးဆယ်ဝန်းကျင်အထိ အိမ်၊ ခြံ၊ မြေ ငှားရမ်းမှုရှိကြောင်း၊ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများနှင့် လူနေထိုင်ရန်အတွက် အဓိကငှားရမ်းမှုပြုလုပ်ကြပြီး အဓိကမြို့သစ်နှင့် မြို့တွင်းပိုင်းတွင် ငှားရမ်းမှုပိုမိုများပြားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

"လူငယ်နှင့်အနာဂတ်မြန်မာ-သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ RADISSON COLLECTION ဟိုတယ် Conference Hall ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိမ်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများ တက်ရောက်ကြသည်။

## ကဏ္ဍအလိုက် ပိုစတာများဖြင့် သုံးသပ်တင်ပြထားမှုအား ကြည့်ရှုလေ့လာ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လေ့လာဆန်းစစ်မှုများ၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းပညာဆိုင်ရာများကို ကဏ္ဍပေါင်းစုံတွင် အသုံးချနိုင်မည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ စသည်ဖြင့် ကဏ္ဍအလိုက် ပိုစတာများဖြင့် သုံးသပ်တင်ပြထားမှုအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာကြပြီး ပြကွက်တာဝန်ခံများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ ယနေ့ကျင်းပသည့် "လူငယ်နှင့် အနာဂတ်မြန်မာ" သိပ္ပံနှင့်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် အနာဂတ်မြန်မာနိုင်ငံတွင် ကြုံတွေ့လာနိုင်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းအဖြေရှာနိုင်စေရန်၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်လာစေရေး ခေတ်မီဆန်းသစ်ပြီး စဉ်းစားတွေးခေါ်နိုင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ဖြစ်လာစေရန်၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များ၏ စွမ်းဆောင်နိုင်မှုအပေါ် မြှင့်တင်အားပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်အသီးသီးတွင် သုတေသနပြုစုနေကြသည့် သင်တန်းသားများမှ လေ့လာတွေ့ရှိချက်များအပေါ် မိမိတို့တွင်ရှိသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး တင်ပြဆွေးနွေးကြမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍအပေါ် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ တင်ပြဆွေးနွေးသူများ၏ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းများ၊ အတွေ့အကြုံဖလှယ်ခြင်းများ ပြုလုပ်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာနယ်ပယ်များတွင် ပညာရှင်များစွာ လိုအပ်လျက်ရှိနေကြောင်း၊ ပြည်တွင်း၌ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေအချိုးအစားများပြားသော်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း။

ထို့ကြောင့် လူငယ်များကို ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်တတ်မှု၊ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှုစသည့် စွမ်းရည်များသာမက စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် ညီလာခံများ၊ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

> ☆ လူငယ်များကို ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်တတ်မှု၊ ပြဿနာကိုကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှုစသည့် စွမ်းရည်များသာမက စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် ညီလာခံများ၊ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလို

## ပညာရေးကဏ္ဍကို အားပေးထောက်ပံ့လျက်ရှိ

နိုင်ငံတော်အနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့"ဟူသည့် ဆောင်ပုဒ်အတိုင်း ပညာရေးကဏ္ဍကို အားပေးထောက်ပံ့လျက်ရှိပြီး ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အသိဉာဏ်ပညာပြည့်စုံသည့် လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာ စွမ်းရည်များနှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ် သတ်မှတ်ကာ နိုင်ငံသားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးလုပ်ဆောင်ရန် လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုက ကဏ္ဍပေါင်းစုံတွင် အချက်အလက်များကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း၊ သတင်းအချက်အလက် သိပ္ပံနည်းပညာဆိုင်ရာလုပ်ငန်းများ၊ အချက်အလက် သိပ္ပံသုတေသနလုပ်ငန်းများနှင့် နိုင်ငံတော်အတွက် အထောက်အကူပြုသည့် အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ခေတ်တိုးတက်မှု အမြန်ဆုံးနည်းပညာမှာ ဉာဏ်ရည်တုနည်းပညာ(AI) ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ဉာဏ်ရည်တုနည်းပညာကို တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ဉာဏ်ရည်တုနည်းပညာအသုံးပြုနိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် ဉာဏ်ရည်တုနည်းပညာကို စိုက်ပျိုးရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဉာဏ်ရည်တုနည်းပညာကို အကျိုးရှိစွာ အသုံးချရေး၊ ခိုင်မာသော ဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကို တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်

နျူကလီးယားစွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံတွင် နျူကလီးယား နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာကို စွမ်းအင်ကဏ္ဍအပြင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက် မိမိတို့နိုင်ငံ၏ နျူကလီးယားအခြေခံအဆောက်အအုံ တည်ထောင်နိုင်ရေး ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ✻

※ စာမျက်နှာ ၆ မှ

ယနေ့ မိမိတို့ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းသည် ရှိရင်းစွဲအလုပ်ကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အရွေ့တစ်ခု၊ မှတ်တိုင်တစ်ခုကိုရေးထိုးနိုင်သည်အထိ လုပ်ငန်းများအပေါ် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အရေးကြီးကြောင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ခြင်းနှင့် စိတ်အားထက်သန်မှုရှိခြင်းတို့သည် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည်ကို အစဉ်နှလုံးသွင်းခံယူထားပြီး ကြိုးစားကြရန်လည်း မှာကြားလိုကြောင်း။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့်ပညာရပ်နှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်လည်းဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် ခေတ်မီနည်းပညာများကို နိုင်ငံအတွင်း၌ ထိရောက်စွာ အသုံးချနိုင်ရေး နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲမှ နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖော်ထုတ်နိုင်ကြစေရန်နှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ကောင်းနှင့် ခံယူချက်ကောင်းများထားရှိပြီး အနာဂတ်မြန်မာနိုင်ငံတော်၏ နိုင်ငံ့သားကောင်းများဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**သိပ္ပံနည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာချက်များနှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးတင်ပြ**

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်ဘက်တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများအနက် ကိုယ်စားလှယ် သင်တန်းသားများက သိပ္ပံနည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာချက်များနှင့်ပတ်သက်၍ ခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက သိရှိလိုသည့်မေးခွန်းများကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။



လူငယ်နှင့်အနာဂတ်မြန်မာ-သိပ္ပံနှင့်နည်းပညာ ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ကြီးမားပြီး တက္ကသိုလ်ပညာသင်နိုင်သည့် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ကြောင်း၊ အရည်အချင်းရှိသည့် ကျောင်းသားများဖြစ်ရမည်ဖြစ်ပြီး အရေအတွက်များ များစွာရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားရသည့် အတွေ့အကြုံများ၊ မြင်တွေ့နေရသည့် အတွေ့အကြုံများနှင့် ဆွေးနွေးတင်ပြသွားသည်ကို တွေ့မြင်ရပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများဖြင့်လည်း ချိန်ထိုးစဉ်းစားသွားကြရန်လိုကြောင်း။

သုတေသနပြုလုပ်ရုံသာမက အသုံးချမှုနှင့်ပတ်သက်၍လည်း မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဒေသနှင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိတက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း တက်ရောက်အောင်မြင်ပြီးစီးပါက လက်တွေ့လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ၊ Institute ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အခြေခံပညာအလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဘာသာရပ်များကိုလည်း သိရှိနားလည်ကျွမ်းကျင်နိုင်စေရေး ဆက်လက်လေ့လာကြိုးစားအားထုတ်သွားရန် လိုကြောင်း၊ မိမိတို့ သင်ယူတတ်မြောက်လာသည့် ဘာသာရပ်အသီးသီး၊ အသိအမြင်အသီးသီးတို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဖော်ဆောင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာရပ်များကို နိုင်ငံရပ်ခြား၌ လာရောက်သင်ယူနေရသည်ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက် ဘဝများတိုးတက်စေရေး၊ နိုင်ငံတော်မှ ပညာတော်သင်စေလွှတ်ရကြိုးနပ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းမွန်သည့် အတွေးအခေါ် အသိအမြင်များဖြင့် နိုင်ငံတော်အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်သည့်ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ရမည်ဖြစ်သဖြင့် တစ်ဦးချင်းစီအလိုက် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာရှဘောလုံးအဖွဲ့ချုပ်( AFC )မှ ကြီးမှူးကျင်းပမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲ ပွဲစဉ်များ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကြီးမှူးကျင်းပမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၏ ပွဲစဉ်များကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပဋ္ဌာန်းမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဌာနဆိုင်ရာအသီးသီးမှ



တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကြီးမှူးကျင်းပမည့် ဘောလုံးပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ (AFC) U-17 Women's Asian Cup China 2026 Qualifiers ပြိုင်ပွဲ၊ အောက်တိုဘာ ၁၄ ရက်တွင် (AFC) Asian Cup Saudi Arabia 2027 Qualifiers ပြိုင်ပွဲ၊ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ Asian Women's Champions League (AWCL) 2025 Group Stage ပြိုင်ပွဲ၊ နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ AFC U-17 Asian Cup Saudi Arabia 2026 Qualifiers ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပါကြောင်း၊ အဆိုပါပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်ဘောလုံးပြိုင်ပွဲများ၏ လုံခြုံရေးကို ယခင်ဆောင်ရွက်ပေးသည်ထက် ပိုမိုဂရုစိုက် ဆောင်ရွက်ပေးစေလိုကြောင်း၊ သွားလာ/နေထိုင်စားသောက်ရေး ကိစ္စရပ်များ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ၊ ယာဉ်လမ်းကြောင်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးတို့ကို သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ဝိုင်းဝန်းကူညီပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီမံရေးရာနှင့် လုံခြုံရေးဌာန တာဝန်ခံက Video Clip ဖြင့် ပြိုင်ပွဲအစီအစဉ်များကို ရှင်းလင်းပြသပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က Asian Women's Champions League (AWCL) 2025 Group Stage ပြိုင်ပွဲ ယှဉ်ပြိုင်အောင်နိုင်ရေး ကိစ္စရပ်များကို ထပ်မံဖြည့်စွက်ပြောကြားပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး ကျင်းပ

## အသက်မပြည့်စစ်သည် ၁၅၂ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့



နေပြည်တော် စက်တင်ဘာ ၂၅

အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီအစည်းအဝေး(၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီကို၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကိုကာကွယ် စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် စသည့်ကော်မတီ၏ ရည်ရွယ်ချက် (၃) ရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ်မပြည့်သူများ စစ်မှုထမ်းဆောင်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင်တပ်မတော် (ကြည်း) ပါဝင်နေခြင်းကို စာရင်းမှ ပယ်ဖျက်နိုင်ရန် အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆိုင်ရာ လုပ်ငန်းစီမံချက်(Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ၂၇ ရက်တွင် သက်တမ်း ကုန်ဆုံးခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ကော်မတီနှင့် CTFMR တို့အကြား Plan of Action သည် အသက်ဝင်ခြင်း မရှိတော့ သော်လည်း မြန်မာ့တပ်မတော် အနေဖြင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ရှေးရှုလျက် မိမိတို့ လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက် ရှိပါကြောင်း၊ တပ်သားသစ် စုဆောင်းရေး ကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထား လိုက်ပါစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

Plan of Action လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီနှင့် CTFMR တို့ ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် အမြဲတမ်းစစ်မှုထမ်း ၁၁၅၂ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်သားသစ်စုဆောင်းရေးတပ်များတွင် စုဆောင်းရရှိသည့် တပ်သားသစ်များထဲမှ ငယ်ရုပ်မပျောက်သေးသူ၊ အသက်မပြည့်သေးသူဟု သံသယရှိသူများကို စိစစ်ရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်း၊ အရိုးဓာတ်မှန်ဖြင့် ရိုက်ကူး၍ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ အသက်မပြည့်၍ ပြန်လည် စေလွှတ်ပေးခဲ့သူ တပ်သားသစ်များရှိကြောင်း။

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင် အကောင်အထည်ဖော်၍ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ခဲ့ပါကြောင်း၊ ယင်းဆင့်ခေါ်ခဲ့သူများထဲမှ အသက်ငယ်ရွယ်ကြောင်း စိစစ်တွေ့ရှိသူများ ကိုလည်း ပြန်လည် စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ အရွယ်မရောက်သေးသူများကို မှားယွင်းစုဆောင်းခဲ့သူ၊ မှားယွင်း ဆင့်ခေါ်ခဲ့သူများကိုလည်း အရေးယူခြင်းများ ပြုလုပ်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အသက်မပြည့်စစ်သည်များ မှားယွင်း စုဆောင်းမှု မရှိစေရေးအတွက် အသိပညာပေးမှု အနေဖြင့် စစ်ဥပဒေချုပ်ရုံး၊ တိုင်းစစ်ဌာနချုပ်များမှ ဥပဒေဘာသာရပ်ဆိုင်ရာ အရာရှိကြီး/အရာရှိများက တပ်ရင်းတပ်ဖွဲ့များနှင့် တပ်မတော် သင်တန်းကျောင်းများရှိ တပ်မတော်သားများအား ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ စုစုပေါင်း အကြိမ် ၂၇၂၀ ဆွေးနွေး ပို့ချနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသည့် ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီးထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများအား အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းရန် ဝင်ရောက်ခြင်း မရှိစေရေးနှင့် မှားယွင်း စုဆောင်းမှုမျိုး မရှိစေရေး ကဏ္ဍအလိုက်တာဝန်ရှိသူများက စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်သွားစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်
## မျက်စိစမ်းသပ် ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သွားနှင့်ခံတွင်းရောဂါအထူးကုဆေးရုံ၌ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် သိန်း ၃၀ ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ရောဂါအထူးကုဆေးရုံ ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် သဲဖြူဆရာတော်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးပါဝင်မှု၊ နေပြည်တော်ကောင်စီ၏ပံ့ပိုးမှုနှင့် စက္ကူအလင်းကျန်းမာရေးကုသိုလ်ပြု အလှူရှင်များ၏ လှူဒါန်းမှုဖြင့် နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးမှ ပါမောက္ခ(မျက်စိ)နှင့် မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးပြီးသော လူနာ ၃၆ ဦးအတွက် ပါဝါဒီဂရီမျက်မှန်များကိုလည်းကောင်း၊ ဆေးရုံပြင်ပလူနာဌာနတွင် မျက်စိခွဲစိတ်ကုသပြီးသော လူနာ ၅၀ အတွက် နေကာမျက်မှန်များကိုလည်းကောင်း၊ မျက်စိဝေဒနာရှင် ၂၈၆ ဦးအတွက် စက္ကူငါးပါး ဘုရားရှိခိုးဂါထာတော်များ၊ ထမင်းဘူးနှင့် သောက်ရေသန့်ဘူးများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၌ စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပရာ အဆိုပါ ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ် H.E. Mr.Paul T K Lam တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံ ၁၀ နိုင်ငံမှ ရှေ့နေချုပ်များ၊ တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်နှင့် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်တို့ တက်ရောက်ကြသည်။

(၁၅)ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များညီလာခံကို **"နည်းပညာခေတ်တွင် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို ပြန်လည်ရယူခြင်း"** ခေါင်းစဉ်ဖြင့်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံသည် ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့ပြီး နှစ်ပေါင်း(၂၀) ရှိပြီဖြစ်ပါကြောင်း၊ ဤညီလာခံသည် နိုင်ငံတကာဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် နိုင်ငံဖြတ်ကျော်ပြီး ကျူးလွန်သော ပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ညီလာခံခေါင်းစဉ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြားတွင်သာမက တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို အတည်ပြုချမှတ်နိုင်ခြင်းသည် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် ပြီးပြည့်စုံသော ချဉ်းကပ်မှုတစ်ခုဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သော ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့အား တိုက်ဖျက်နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကိုချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့်ဆက်နွှယ်သည့် သတင်းအချက်အလက်များကို စုံစမ်းထောက်လှမ်းရန် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်၌ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) ကိုလည်း ဖွဲ့စည်းထားရှိပါကြောင်း။

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်၍ နိုင်ငံဖြတ်ကျော် ငွေကြေးဆိုင်ရာပြစ်မှုများ အွန်လိုင်းအသုံးပြု လိမ်လည်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တရုတ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုများနှင့် တယ်လီကွန်းလိမ်လည်မှုများကဲ့သို့သော နယ်စပ်ဖြတ်ကျော်ငွေကြေးဆိုင်ရာ ရာဇဝတ်မှုခင်းများကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံတရားခံလွှဲပြောင်းရေးစာချုပ် (AET)နှင့် အာဆီယံရာဇဝတ်မှုတရားစီရင်ရေးနှင့် ရာဇဝတ်မှုများ တိုက်ဖျက်ရေးဆိုင်ရာညီလာခံ (ACCPCJ)တို့ကဲ့သို့သော ASLOM ၏ ပဏာမခြေလှမ်းများကို အကောင်အထည်ဖော်ရာတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံသို့တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံ ၁၀ နိုင်ငံမှ ရှေ့နေချုပ်များ၊ တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်နှင့် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်တို့က (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံ၏ ပူးတွဲကြေညာချက်(JOINT DECLARATION OF THE 15th CHINA-ASEAN PROSECUTORS-GENERAL CONFERENCE)ကို လက်မှတ်ရေးထိုးကြသည်။

ညီလာခံကျင်းပစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ကျင်းပသည့် နှစ်နိုင်ငံအစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များ ညီလာခံ၏ ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် နည်းပညာအသုံးပြုမှု တိုးတက်အောင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ရှေ့နေချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ တရုတ်နိုင်ငံနှင့်လည်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၇ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ တရုတ်နိုင်ငံသား လေးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။




အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၂၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်




နေပြည်တော် စက်တင်ဘာ ၂၅

"ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV - HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ စက်တင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကျွန်းတောမူလတန်းကြိုကျောင်းနှင့် သန်လျင်အမှတ်(၄)မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း စက်တင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV - HD Channel တွင် စက်တင်ဘာ ၂၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၃ ရက်

သာ လိုတော့သည်။

# နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၁၇ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ၂၅ ရက် )

**နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်းများကို စိစစ်ဆောင်ရွက်ပေးခဲ့ပြီး ၁၈-၈-၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၅၅ /၂၀၂၅ ) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန် အလို့ငှာ မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြချက်များအား ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၂၆-၁၂-၂၀၂၅ ရက်နေ့အထိ ခွင့်ပြုပေးရန် စီစဉ်ထားရှိပါသည်။

၃။ နိုင်ငံရေးပါတီများက နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ၁၅ - ၁၀ - ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ သက်ဆိုင်ရာပါတီမှ ဟောပြောစည်းရုံးမည့် ပုဂ္ဂိုလ်အမည်၊ တာဝန်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကိုဖော်ပြ၍ ခွင့်ပြုမိန့် လျှောက်ထားရပါမည်။ ခွင့်ပြုမိန့် လျှောက်ထားသည့် စာမူသည် **Pyidaungsu Font Size 13** ဖြင့် **(A4)** အရွယ်အစား **စက္ကူ** (၇) မျက်နှာထက် မပိုစေရ။ ပါတီ၏ တေးသီချင်းများ (ရုပ်/သံပါ) ထည့်သွင်းလိုပါက သီချင်းခွေ ၂ ခွေနှင့်အတူ သီချင်းစာသားကိုပါ ပေးပို့ရပါမည်။ နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ မဲဆွယ်စည်းရုံးဟောပြောခြင်းမပြုလိုပါက မပြုလိုကြောင်း အကြောင်းကြားစာပေးပို့ရပါမည်။

၄။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျ ဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီ တစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့်စာမူကို စိစစ်ပြီး -

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ရေးသားစေပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း ပြုပါမည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော နေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့် နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန် ခွင့်ပြုသည့် ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြပေးပါမည်။

(ဂ) ပြန်လည်ပြင်ဆင်ရေးသားရန်အတွက် ရိုက်ကူးမည့် နေ့မတိုင်မီ လျှောက်ထားသူထံ အကျိုးအကြောင်းဖော်ပြလျက် အကြောင်းပြန်ကြားပေးပါမည်။

၆။ နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီ တစ်ခုအား -

(က) ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုပေးပါမည်။

(ခ) ပါတီ၏တေးသီချင်းများကို ထုတ်လွှင့်လိုပါက ဟောပြောရန် ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ်အတွင်းသာ ထုတ်လွှင့်ခွင့်ပြုပါမည်။

(ဂ) ဟောပြောစည်းရုံးမှုအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုပါမည်။ တိုင်းရင်းသားဘာသာဖြင့် ဟောပြောစည်းရုံးမည်ဆိုပါက မြန်မာဘာသာဖြင့်လည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၇။ နိုင်ငံရေးပါတီများသည် နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရပါ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိသော ဟောပြောမှုပြုလုပ်ခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှုပြုလုပ်ခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှုပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောမှု ပြုလုပ်ခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှုပြုလုပ်ခြင်း။

၈။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးဟောပြောကြရမည်ဖြစ်ပါသည်။

၉။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်းလိုက်ကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရန်ကိစ္စအလို့ငှာ မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြမှုများပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေး

**မိုင်းခတ် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင်(လားဟူ)ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၄၀ ဦးထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ယန်းမိုင်(လားဟူ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် သိန်း ၁၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် သိန်း ၆၀ အသီးသီးထုတ်ချေးပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အိန္ဒိယနိုင်ငံ၏ နှစ်သက်တမ်းရှည် အာယုဗေဒဆေးပညာဟောပြော၊ အစွမ်းထက်တိုင်းရင်းဆေးများနှင့် ဆေးဖက်ဝင်ပစ္စည်းများ ပြသ

**မန္တလေး စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ၏ နှစ်သက်တမ်းရှည် တိုင်းရင်းဆေးပညာ အာယုဗေဒနှင့် ဘဝနှင့်ကျန်းမာရေး ဆိုင်ရာများဟောပြောခြင်း၊ ဆေးဖက်ဝင်ပစ္စည်းများနှင့် အပင်များ ပြသခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ၁၀၂(အေ)လမ်းရှိ မန္တလေးမြို့ အခြေစိုက်အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်က ခေတ်အဆက်ဆက် တည်တံ့နေသော အာယုဗေဒဆေးပညာကို ဂုဏ်ပြုသည့်အနေဖြင့် (၁၀)ကြိမ်မြောက် အာယုဗေဒနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး အာယုဗေဒဆေးပညာရှင်က အိန္ဒိယနိုင်ငံ၏ နှစ်သက်တမ်းရှည် အာယုဗေဒဆေးပညာနှင့် သဘာဝတိုင်းရင်းဆေး၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောဆွေးနွေးကာ အာယုဗေဒဆေးဘက်ဆိုင်ရာ ထုတ်ကုန်များ၊ ဆေးပစ္စည်းများ၊ ဆေးဖက်ဝင်သစ်ပင်များကို ပြသခဲ့သည်။

အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေး ထုတ်လုပ်သူများ၊ မြန်မာတိုင်းရင်းဆေးပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၀၄၅)

## ယာယီ အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၅**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွက် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတကာအဖွဲ့အစည်းများမှ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ချမ်းမြသာစည်မြို့နယ်ရှိ ချမ်းမြသာစည်လေဆိပ်ဟောင်းတွင် အခြေပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့မှ အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်လေဆိပ်ဟောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကောင်စစ်ဝန်ချုပ်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များအပေါ် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာများ ဆောင်ရွက်ပေးနိုင်ရန် ချမ်းမြသာစည်လေဆိပ်ဟောင်းတွင် အခြေပြုအသုံးပြုခဲ့သည့် ယာယီအဆောက်အအုံ Single (၅) လုံးနှင့် Double (၂)လုံး၊ ယာယီရုံးအဆောက်အအုံ(၁)လုံးတို့ကို လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြောကြားပြီးနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အိန္ဒိယနိုင်ငံဆေးအကူအညီပေးရေးအဖွဲ့မှ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့် ဆေးဝါးကုသပေးခဲ့မှုများ၊ ကျန်းမာရေး စောင့်ရှောက်ပေးခဲ့မှုများနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ အပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် ယာယီ အဆောက်အအုံများကို လိုက်လံ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

## စားသုံးဆီဖြန့်ဖြူးမှု ကြီးကြပ်သည့်စနစ် မှတ်ပုံတင်ခြင်းနှင့် အသုံးပြုနည်းသင်တန်းပေးအပ်သည့်အခမ်းအနား ပြုလုပ်



**မန္တလေး စက်တင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ Capital Connet Co.,Ltd နှင့် MCB Bank တို့ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီးအတွင်း စားသုံးဆီလက်လီ၊ လက်ကားရောင်းချနေသည့် စားသုံးဆီအရောင်းဆိုင်များ၏ ကိုယ်စားလှယ်များအား စားသုံးဆီဖြန့်ဖြူးမှု ကြီးကြပ်သည့်စနစ်အတွင်း မှတ်ပုံတင်ခြင်းနှင့်အသုံးပြုမှု သင်တန်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး၊ စားသုံးရေးရာဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် Bank နှင့် ချိတ်ဆက်၍ ဘဏ်အကောင့်များဖွင့်လှစ်ပေးခြင်း၊ ကိုယ်စားလှယ်များ၏ နာမည်၊ ဖုန်းနံပါတ်များဖြင့် မှတ်ပုံတင်ခြင်း၊ အသုံးပြုမှု နည်းစနစ်ပိုင်းဆိုင်ရာများကို သက်ဆိုင်ရာတာ ဝန်ရှိသူများက သင်တန်းပေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

"စားသုံးဆီနဲ့ပက်သက်ပြီး ဖြန့်ဖြူးတဲ့နေရာမှာ ၂၀၂၄ စက်တင်ဘာလ ဒုတိယပတ်လောက်က စတင်ပြီးရရှိလာတဲ့ စားအုန်းဆီများကို စနစ်တကျနဲ့ဖြန့်ခွဲပြီးတော့ ရပ်ကွက်ကျေးရွာတွေအရောက် ဖြန့်ဖြူးခြင်းတွေကို ဆောင်ရွက်နေပါတယ်၊ အခု EOS System ကို အသုံးပြုတဲ့အတွက် စာရင်းဇယားပိုင်းတွေ ဆီရောက်ရှိမှုအပိုင်းတွေ၊ ရောင်းချတဲ့ လက်လီ၊ လက်ကားဆိုင်တွေရဲ့ ဖုန်းတွေမှာ ဒီစနစ်ကို ထည့်သွင်းခြင်းအားဖြင့် သတ်မှတ်တဲ့နေရာတွေကို ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီးတော့ စားသုံးသူပြည်သူတွေ လက်ဝယ်ကို သတ်မှတ်တဲ့ဈေးနှုန်းတွေနဲ့ ပြည့်ပြည့်ဝဝ ရောက်ရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဦးစီးမှူး ဒေါက်တာဇော်လွင်က ပြောသည်။

ယခုစနစ်အသုံးပြုခြင်းကြောင့် ဆီလှောင်ကန်မှ ထုတ်ယူသွားသော စားသုံးဆီများကို တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ ထုတ်ယူသည့်ပမာဏ ရောက်ရှိမှုရှိ၊ မရှိကိုလည်းကောင်း၊ ထုတ်ယူသွားသော ဆီများကို အခြားသောနေရာများသို့ လက်လွှဲ ရောင်းချခြင်းရှိ၊ မရှိကိုလည်းကောင်း၊ သတ်မှတ်ထားသော ပမာဏအတိုင်းရောင်းချမှုရှိ၊ မရှိကိုလည်းကောင်း သိရှိနိုင်မည့်အပြင် အခြားသောအချက်အလက်များစွာကိုလည်း သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူဘက်တွင်လည်း နေ့စဉ်ရောင်းချနေသော စာရင်းဇယားများကို စနစ်မှချက်ခြင်း ထုတ်ပေးနိုင်ခြင်း၊ ဆီထုတ်ယူမှုပိုင်းတွင် တစ်ကြိမ်တည်း မှတ်ပုံတင်ရုံဖြင့် လွယ်ကူလျင်မြန်စွာဖြင့် ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းတွင် စားအုန်းဆီများကို တစ်လလျှင် ပျမ်းမျှတန်ချိန် ၆၅၁၀ တန်အား ကုမ္ပဏီ ၂၃ ခုတို့မှ လက်ကားကိုယ်စားလှယ် ၅၂ ဦးဖြင့်ခရိုင်၊ မြို့နယ်အလိုက်လက်လီဆိုင် ၇၆၉ ဆိုင်အားဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ အဆိုပါဆီများကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ဒုတိယသီတင်းပတ်မှ စတင်၍ ခရိုင်အလိုက် အိမ်ထောင်စုစာရင်းအပေါ် မူတည်၍ တစ်လလျှင် တစ်အိမ်ထောင်ဆီနှစ်ပိဿာနှုန်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အားကစားနှင့် လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အားမာန်ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အားကစားနှင့် လူငယ်ရေးရာဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ အားမာန်ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အားကစားနှင့် လူငယ်ရေးရာဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးရိုးမွန်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာသင်ကြားနေချိန် ပြင်ပဗဟုသုတများရှာဖွေသလို အားကစားမှာလည်း ထူးချွန်တဲ့သူတွေဖြစ်အောင် အားကစားကို လိုက်စားစေလိုကြောင်း စသည်ဖြင့် ဟောပြောခဲ့ပြီးနောက်ကျောင်းသား၊ ကျောင်းသူလေးများအား အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) အောင်ဇော်မင်း**



## ပျော်ဘွယ်မြို့နယ်တွင် ငလျင်ဘေးအန္တရာယ်သင့် ပြည်သူများအတွက် ဆန်ပေးအပ်ပွဲ ကျင်းပ




**ပျော်ဘွယ် စက်တင်ဘာ ၂၅**

မန္တလေးမြေငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျော်ဘွယ်မြို့နယ်အတွင်း ဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ပြည်သူများအား ဆန်များပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာကာစိုးက ဘေးအန္တရာယ်သင့် ပြည်သူများအတွက် နိုင်ငံတော်မှ ပေးအပ်နေမှုများရှိသလို အလှူရှင်များကလည်း လာရောက်လှူဒါန်းမှုများရှိပါကြောင်း၊ နိုင်ငံတော်မှပေးအပ်သည့် ပစ္စည်းများကိုလည်း မိမိတို့အနေဖြင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိပါကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် ဆန်(၁၈၄၄)အိတ်ကို ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ငလျင်ဘေးအန္တရာယ်သင့်ပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



## စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ဈေးနှုန်းများ ဖော်ပြရောင်းချစေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် စားသောက်ဆိုင်လုပ်ငန်းရှင်များကို စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် Menu ဈေးနှုန်းများ ဖော်ပြရောင်းချစေရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ စားသုံးသူရေးရာ တိုင်းဒေသကြီး ဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အဖွင့် အမှာစကားပြောကြားရာတွင် စားသောက်ဆိုင်လုပ်ငန်းရှင်များ စားသုံးသူကာကွယ်ရေး ဥပဒေပါ လိုက်နာရမည့်အချက်များအား ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ ရောင်းချသည့် Menu ဈေးနှုန်းများ ဖော်ပြရောင်းချစေရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး အဓိက အလေးထားဆောင်ရွက်ကြရန်၊ စားသောက်ဆိုင်များတွင် စွန့်ပစ်ပစ္စည်းများ ထည့်သည့် အမှိုက်ပုံးများအား အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်သွားရန် ပြောကြားခဲ့သည်။ (ဓါတ်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူသဲနွယ်က စားသောက်ဆိုင်များအနေဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် Menu ဈေးနှုန်းများ ဖော်ပြရောင်းချစေရေး ရှင်းလင်းဆွေးနွေးခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးမာန်သက်ဦးက အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စားသောက်ဆိုင်လုပ်ငန်းရှင် ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှ ပုပ္ပသီရိမြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပုဗ္ဗသီရိ စက်တင်ဘာ ၂၅**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးကို စက်တင်ဘာ ၂၄ ရက်က ပုဗ္ဗသီရိမြို့နယ်၊ သင်းလှိုင်ကျေးရွာရှိ ရွှေလာဘ်ကောင်းစေတီတော်၌ ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ရာတွင် ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီး လှရီ၊ ဒုတိယ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းလှထူး၊ ဒုတိယရဲမှူးကြီး အုန်းဟန်ဦးတို့ ဦးစီးသည့် အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်စုစုပေါင်း ၅၀ ဦးတို့သည် စေတီတော်ရင်ပြင်နှင့် ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ကို(ပြန်/ဆက်)**

## ကျေးလက်လမ်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၂၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးလှခိုင်၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၂၃ ဒသမ ၀၉ သန်းဖြင့် Winner Myanmar Company မှ တာဝန်ယူဆောင်ရွက်သည့် ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် မန္တလေးတိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၈၇ ဒသမ ၂၃ သန်းဖြင့် ဌာနမှ ဆောင်ရွက်လျက်ရှိသည့် သပြေသာ-ပင်တလည်-ပတ္တာလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီကောင်းမွန်အောင် ဆောင်ရွက်ရန်မှာကြားခဲ့ပြီး အဆိုပါလမ်းများ ဆောင်ရွက်ပြီးပါက ကျေးရွာကိုးရွာအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၅)**



## ငရုတ်သီးစိမ်းဈေးနှုန်းများ မြင့်တက်လာသဖြင့် ငရုတ်စိုက်တောင်သူများအဆင်ပြေလျက်ရှိ

**တောင်တွင်းကြီး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ငရုတ်သီးစိမ်းဈေးနှုန်းများ မြင့်တက်လာသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေကြောင်းသိရသည်။ **(အောက်ပုံ)**

"တောင်တွင်းကြီးမြို့နယ်မှာဆိုရင် ငရုတ်သီးစိမ်းအများဆုံး ထွက်တာကတော့ ငမင်း၊ ကုက္ကိုခွ၊ စည်ပင်သာ၊ ကျောင်းကုန်း၊ ပုဂံကုန်း၊ ဘိုကုန်း၊ သဖန်းကုန်းကျေးရွာတွေက အများဆုံးစိုက်ပျိုးကြတယ်။ တစ်ဆင့်ရောင်းငရုတ် စိုက်တောင်သူတွေဆီကို တိုက်ရိုက်ဆင်းဝယ်ပြီး မြို့မဈေးကြီးနဲ့ ဒက္ခိဏဈေးတွေမှာ ပြန်လည်ရောင်းချပါတယ်။ ဖောက်သည်ယူမယ်ဆိုရင် ငရုတ်ပွတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၊ ကျောက်စိမ်းငရုတ်နဲ့ မယ်ညိုငရုတ်ကတော့ တစ်ပိဿာ ငွေကျပ် ၁၈၀၀ ပေးဝယ်ရပြီး ငရုတ်သီးဈေးနှုန်းက အမျိုးမျိုး ရှိပါတယ်။ လက်လီဈေးဆိုရင် ငရုတ်ပွတစ်ပိဿာ ငွေကျပ် ၁၅၀၀၊ ကျောက်စိမ်းငရုတ်နဲ့ မယ်ညိုငရုတ်ဆိုရင် တစ်ပိဿာ ငွေကျပ် ၂၀၀၀နဲ့ တစ်ဆင့် ပြန်လည်ရောင်းချပြီး အခုအချိန်မှာ အခါကြီးရက်ကြီး ရောက်တော့မှာဖြစ်တဲ့အတွက် အရောင်းအဝယ်လည်း သွက်ပါတယ်" ဟု ငရုတ်သီးစိမ်းတစ်ဆင့်ခံ ပြန်လည်ရောင်းချသူထံမှ သိရသည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသနေပြည်သူအများစုသည် လယ်ယာလုပ်ငန်းနှင့် တွဲဖက်ကာ ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို နှစ်စဉ်လုပ်ကိုင်စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးပင်များကို သဘာဝအော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထားသည့်အတွက် ဒေသနေ ပြည်သူများ အများဆုံးနှစ်သက်ကြပြီး ထမင်းဝိုင်းတွင် မပါမဖြစ် ပုံစံအမျိုးမျိုးဖြင့် ချက်ပြုတ်စားသောက်ကြကြောင်း၊ လူကြိုက်များသည့် မီးဖိုချောင်သုံးသီးနှံဖြစ်ကာ ဈေးကောင်းလည်း ရရှိသဖြင့် စိုက်ပျိုးသူများနှင့် တစ်ဆင့်ခံဝယ်ယူ၍ ပြန်လည်ရောင်းချသူများလည်း ယခင်နှစ်ထက်ပိုများလာကြောင်း သိရသည်။

**နောင်နောင် (မိဿနိုးမြေ)**




သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး ။


## မိတ္ထီလာမြို့နယ်အတွင်းရှိ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စားသုံးရေးရာဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဒေါ်မြို့ရီနှင့် ဝန်ထမ်းများက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ Myanmar Net အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ အင်တာနက်ဝန်ဆောင်မှု အပါအဝင် ဆက်သွယ်ရေးကဏ္ဍစုံအား စစ်ဆေးခြင်း၊ စားသုံးသူ နစ်နာမှုမရှိစေရေးအတွက် သိသင့်၊ သိထိုက်သည့် အချက်အလက်များအား အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး ကော်မရှင်၏ ဆုံးဖြတ်ချက်သုံးချက်နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရရှိ သည့်လုပ်ငန်းရှင်များနှင့် မိုဘိုင်း အော်ပရေတာများသို့ ညွှန်ကြားထားသည့် အချက် (၁၁) ချက်နှင့် ကိုးကား၍ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ထို့နောက် Ocean Wave အင်တာနက်ဝန်ဆောင်မှု၊ Telecom (Mytel) အင်တာနက်ဝန်ဆောင်မှုနှင့် Yadanarpon Teleport အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများအား ဆက်လက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# တရုတ်နိုင်ငံက ၂၀၃၅ ခုနှစ်တွင် ကာဗွန်ထုတ်လွှတ်မှုပမာဏ ရာခိုင်နှုန်း ၇ မှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်

**ပေကျင်း စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် ကာဗွန်ထုတ်လွှတ်မှု ပမာဏကို ရာခိုင်နှုန်း ၇ မှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က အဆင့်မြင့် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ဗီဒီယိုမှတစ်ဆင့် ယမန်နေ့ကပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု အများဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် အမေရိကန်ပြီးနောက် ဒုတိယမြောက် ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်သည်။

၂၀၃၅ ခုနှစ်တွင် နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံး၌ ကာဗွန်ထုတ်လွှတ်မှုပမာဏ လျှော့ချရေး ရည်မှန်းချက်များနှင့်အတူ လာမည့်ဆယ်နှစ်အတွင်း လေစွမ်းအင်နှင့် နေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်နိုင်သည့် စက်ရုံများ၏ စွမ်းအင်ထုတ်လုပ်မှုပမာဏကို ၂၀၂၀ ပြည့်နှစ်ပမာဏထက် ၆ ဆကျော်အထိ တိုးမြှင့်သွားရန်လည်း စီစဉ်ထားကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

ထို့ပြင် ပြည်တွင်း စွမ်းအင်သုံးစွဲမှုတွင် ရုပ်ကြွင်းမဟုတ်သော လောင်စာများ အသုံးပြုမှု အချိုးအစားကို ၃၀ ရာခိုင်နှုန်းကျော်အထိ မြှင့်တင်သွားရန်လည်း စီစဉ်ထားပြီး လေထုညစ်ညမ်းမှုကင်းသော ယာဉ်များကို အဓိကထားအသုံးပြုသွားမည်ဖြစ်ပြီး ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် လူ့အဖွဲ့အစည်းကို အခြေခံအားဖြင့် ထူထောင်သွားမည်ဟုလည်း ၎င်းက ကတိပြုပြောကြားသည်။



တစ်ချိန်တည်းတွင် သမ္မတရှီကျင့်ဖျင်က ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ပိုမိုအားကောင်းသည့် ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်များတွင် ဦးဆောင်ပါဝင်ကြရန် တောင်းဆိုခဲ့သည်။

**Mon**

၀-၀-၀-၀-၀

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အာရှစတော့ဈေးကွက်များ မကြာသေးမီက မြင့်တက်လာရာမှ ဈေးပြန်လည်ငြိမ်သက်သွားပြီဟု ဆို

**စင်ကာပူ စက်တင်ဘာ ၂၅**

အာရှစတော့ဈေးကွက်များသည် မကြာသေးမီက မြင့်တက်လာခဲ့ရာမှ စက်တင်ဘာ၂၄ ရက်တွင် ဈေးနှုန်းအတက်အကျပြန်လည်ငြိမ်သက်သွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံသူများသည် လက်ကုန်နှင့် သုံးလပတ်ကုန်တွင် ဖြစ်ပေါ်သည့် စီးဝင်မှုများအတွက် အသင့်ပြင်ထားကြပြီး ဂျပန်ယန်းငွေသည် ယူရိုနှင့် ဆွစ်ဖရန့်တို့နှင့် ယှဉ်လျှင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

အမေရိကန်တွင် ရေနံစိမ်းပမာဏ ထူးခြားစွာ ကျဆင်းမှုကြောင့် အီရတ်၊ ဗင်နီဇွဲလားနှင့် ရုရှားတို့မှ ရေနံတင်ပို့မှု ပြဿနာများအကြား ရေနံထောက်ပံ့မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ ရှိလာသောကြောင့် ရေနံဈေးနှုန်းများမှာ တစ်ညတာအတွင်း ၂ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး ခုနစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိပြီးနောက် ပြန်လည်ကျဆင်းသွားသည်။

အမေရိကန်ဗဟိုဘဏ်အရာရှိများ၏ ပြောကြားချက်များအရ ပြောင်းလဲလာသော အတိုးနှုန်းများနှင့်ပတ်သက်၍ အနီးကပ် စောင့်ကြည့်နေချိန်တွင် အက်စ်အင်န်ပီ ၅၀၀ ရှယ်ယာဈေးကွက်နှင့် နတ်စ်ဒတ်ရှယ်ယာဈေးကွက်တို့သည် ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ဆန်ဖရန်စစ္စကို ဗဟိုဘဏ်ဥက္ကဋ္ဌ မေရီဒေလီက နောက်ထပ် အတိုးနှုန်းလျှော့ချမှုများ လိုအပ်နိုင်သော်လည်း အချိန်သတ်မှတ်ချက်မှာ မရှင်းလင်းသေးကြောင်း ထုတ်ဖော်ပြောကြားသည်။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရုမ်းပါဝဲကမူ ယခင်အပတ်က ယခုနှစ်၏ ပထမဆုံးအကြိမ်အတိုးနှုန်း လျှော့ချမှုခွင့်ပြုပေးခဲ့ပြီးနောက် နောက်ထပ်အတိုးနှုန်းလျှော့ချမှုများနှင့်ပတ်သက်၍ သတိထားရမည့် သဘောထားကို ထားရှိခဲ့ကြောင်း သိရသည်။

**Mon**






တရုတ်နိုင်ငံတွင် လယ်သမားများရိတ်သိမ်းချိန်ပွဲတော်ကျင်းပရာ ရှင်တောင်းပြည်နယ်၌ ထိုပွဲတော်ကာလအတွင်း စိုက်ပျိုးရေးသုံး ခြေလေးချောင်းစက်ရုပ် ပြသထားသည်ကိုတွေ့ရစဉ်။ **Mon**

## ညစ်ညမ်းမှုဖြစ်စေခဲ့သော စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသည့်သင်္ဘော နစ်နာကြေး အမေရိကန်ဒေါ်လာ ၁ ဘီလီယံအနက်မှ ၁ သန်းသာ ပေးချေခဲ့

**စင်ကာပူ စက်တင်ဘာ ၂၅**

စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသည့် သင်္ဘော၏ သီရိလင်္ကာ ကိုယ်စားလှယ်သည် သီရိလင်္ကာ၏ အဆိုးရွားဆုံး ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေခဲ့သဖြင့် သတ်မှတ်ထားသော နစ်နာကြေး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ အနက်မှ အမေရိကန်ဒေါ်လာ ၁ သန်းသာ ပေးချေခဲ့သည်ဟု တရားလိုက ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

နစ်နာကြေးအား အပြည့်အဝ ပေးချေရန် ငွေကြေးအင်အားမရှိသောကြောင့် "ရိုးဖြောင့်သောသဘော" ဖြင့် အဆိုပါ ပမာဏကို ပေးချေခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

၂၀၂၁ ခုနှစ် ဇွန်လက သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းအနီးတွင် နစ်မြုပ်ခဲ့သော အမ်ဗွီ အိတ်ခ်စ်ပရက်စ်ပါးလ်သင်္ဘောကို တရားစွဲဆိုခဲ့သည့် တရားလိုတစ်ဦးက ၎င်းအနေဖြင့် အဆိုပါငွေပေးချေမှုနှင့်ပတ်သက်ပြီး တရားဝင် အကြောင်းကြားခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။

"အမေရိကန်ဒေါ်လာ ၁ သန်းကို ဘဏ်တိုက်သို့ ပေးသွင်းပြီးတဲ့နောက်မှာ (တရားရုံးကိုတင်သွင်းတဲ့) ကျမ်းကျိန်လွှာမိတ္တူကို သက်ဆိုင်ရာကုမ္ပဏီဘက်က ရခဲ့ပါတယ်" ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ ဟီမန်သာ ဝီသာနေးချ်က ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**

## အဆိုးရွားဆုံးနှင့် အပျက်စွမ်းအားအကြီးဆုံး ဟန်တင်တန်ရောဂါကို ဗြိတိသျှဆရာဝန်များ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာကုသနိုင်

**လန်ဒန် စက်တင်ဘာ ၂၅**

အဆိုးရွားဆုံးနှင့် အဖျက်စွမ်းအားအကြီးဆုံး ရောဂါများထဲမှ တစ်ခုဖြစ်သည့် ဟန်တင်တန်ရောဂါကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ကုသနိုင်ခဲ့ကြောင်း ဗြိတိသျှဆရာဝန်များ ယမန်နေ့က အတည်ပြုပြောကြားကြောင်း သိရသည်။

အဆိုပါရောဂါသည် မျိုးရိုးလိုက်သည့်ရောဂါဖြစ်ပြီး ဦးနှောက်ဆဲလ်များကို ဆက်တိုက်ဖျက်ဆီးသည်။ ထို့ပြင် ယင်းရောဂါသည် စိတ်ဖောက်ပြန်ခြင်း၊ ပါကင်ဆန်ရောဂါနှင့် အာရုံကြောလှုပ်ရှားမှုဆိုင်ရာရောဂါတို့ ပေါင်းစပ်ထားသကဲ့သို့ ဖြစ်နေသည်။

လန်ဒန်ကောလိပ် ဟန်တင်တန်ရောဂါ သုတေသနဌာနမှ သုတေသီအဖွဲ့သည် လူနာများတွင် ရောဂါ ၇၅ ရာခိုင်နှုန်း နှေးကွေးသွားကြောင်း အချက်အလက်များက ပြသနေပုံကို ရှင်းပြနေစဉ် မျက်ရည်ပင်ကျခဲ့ကြသည်။

ပုံမှန်အားဖြင့် တစ်နှစ်အတွင်း ဖြစ်ပွားနိုင်သည့် ကျဆင်းမှုသည် ကုသမှုခံယူပြီးနောက် လေးနှစ်အထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူနာများသည် "ကောင်းမွန်သောဘဝ" ကို ဆယ်စုနှစ်များစွာ ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ဦးဆောင်သုတေသီ ပါမောက္ခဆရာတာဘ်ရီဇီက ထုတ်ဖော်ပြောကြားသည်။

ယင်းကုထုံးအသစ်သည် ၁၂ နာရီမှ ၁၈ နာရီအထိ ကြာမြင့်သည့် ခွဲစိတ်မှုတစ်ခုအတွင်း ပေးဆောင်သည့် မျိုးဗီဇကုထုံးတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Mon**



## ရာဂါဆာမုန်တိုင်း ဟိုင်လင်းကျွန်းကမ်းရိုးတန်းကို ဝင်ရောက်ပြီးနောက် ယခုအခါ အရှိန်အဟုန် တပြည်းပြည်း လျော့ကျလာလျက်ရှိ

**ပေကျင်း စက်တင်ဘာ ၂၅**

ရာသီဥတုစံနှုန်းဖြင့် ယခုနှစ်အတွင်း အင်အားအကြီးဆုံး အပူပိုင်းမုန်တိုင်းဖြစ်သည့် ရာဂါဆာမုန်တိုင်းသည် တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းတွင် လူ ၁၇ ဦးကို သေဆုံးခဲ့ပြီး ဟောင်ကောင်တွင်လည်း လေပြင်းများနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် စက်တင်ဘာ ၂၄ ရက်ညနေ ၅ နာရီခန့်တွင် ဂွမ်ဒေါင်းပြည်နယ်၊ ယန်ကျန်းရှိ ဟိုင်လင်းကျွန်းကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုင်ဝမ်ကျွန်း အရှေ့ပေါ် စစ်ဆင်ရေးစင်တာက ဟွာလျန်ခရိုင်ရှိ မာထိုင်အန်း မြစ်တွင်ရှိသော ဆည်က မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလျှံခဲ့သဖြင့် မြို့ထဲသို့ စီးဝင်သွားခဲ့ရာ လူ ၁၇ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

လူ ၁၀၀ ခန့် ပိတ်မိနေပြီး ကယ်ဆယ်ရေးအတွက် စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားသည်။

"ထိခိုက်ခံရသူတွေ အမြန်ဆုံး ပုံမှန်ဘဝကို ပြန်လည်ရောက်ရှိနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု နိုင်ငံတော်ကောင်စီ၏ ထိုင်ဝမ်ရေးရာရုံး ပြောရေးဆိုခွင့်ရှိသူ ချန်ဘင်ဟွာက စက်တင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ယမန်နေ့က ကုန်းတွင်းသို့ ဝင်ရောက်လာချိန်တွင် ယခုနှစ်၏ ၁၈ ခုမြောက် မုန်တိုင်းဖြစ်သည့် ရာဂါဆာမုန်တိုင်းကို အဆင့် ၁၃ အဖြစ် သတ်မှတ်ခဲ့သည်။

အမျိုးသားမိုးလေဝသစင်တာအရ အင်အားအပြင်းဆုံးအချိန်တွင် ၎င်း၏ အင်အားသည် အဆင့် ၁၇ ကို ကျော်လွန်ခဲ့ပြီး အဆင့် ၁၆ ထက်ကျော်လွန်ပါက အင်အားအလွန်ကြီးမားသော မုန်တိုင်းအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။

ယခုအခါ အရှိန်အဟုန် တဖြည်းဖြည်း လျော့ကျလာသည်နှင့်အမျှ မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀ ခန့်နှုန်းဖြင့် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားမည်ဟု ဂွမ်ဒေါင်းမိုးလေဝသ စောင့်ကြည့်ရေးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**Mon**



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းဘူး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အမှတ်(၄) သီရိမင်္ဂလာ အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှတိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ဖြစ်လာစေရန်နှင့် လူငယ်ရေးရာအခန်းကဏ္ဍကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ညိုညိုသန့်က လူသားများသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါး မျှတစွာ နေထိုင်ရခြင်း၊ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် အရသာခြောက်ပါးကို ညီညွတ်မျှတစွာ စားသုံးပေးခြင်းဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ခြင်းကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်နှင်းက အားကစားကဏ္ဍများကိုလည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်တို့က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ထိန်းသိမ်းရေးတို့ကို အသိပညာပေးဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေး နံရံကပ်ပိုစတာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၅၀၄)



## ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး Talk Show ပြုလုပ်

**သရက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် (Community Centre) ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းတို့က မြန်မာနိုင်ငံရဲ့ ငလျင်ဘေးအန္တရာယ် ဘယ်လိုဆက်စပ်နေပါသလဲ၊ ငလျင်နှင့်ပတ်သက်သော ဘယ်အရာတွေက ဆိုးကျိုးဖြစ်သလဲနှင့် ငလျင်နှင့်ပတ်သက်ပြီး လိုက်နာရမည့်အချက်များ၊ ငလျင်လှုပ်ခတ်ပြီးချိန်မှာ ရှောင်ရှားရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)





## ပန်းခင်းစီမံချက်(၃)ဖြင့် Biometric (UID) ကတ် ပြုလုပ်ပေး

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်းပေါ်ရှိ ရွာလယ် အခြေခံဘာသာရေးအဆောက်အအုံတွင် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်လ.ဝ.က ဦးစီးမှူး ဦးအောင်သွင် ဦးဆောင်သည့်အဖွဲ့မှ ပန်းခင်းစီမံချက်(၃)ဖြင့် Biometric (UID)ကတ် ပြည်သူများအား ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ပြုလုပ်ပေးရာတွင် အသက်(၁၈)နှစ်ပြည့် ဥပဒေအရ နိုင်ငံသားများအား Biometric (UID) ရိုက်ကူးပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားသို့ မဟာအောင်မြေခရိုင် လ.ဝ.က ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူး ဝင်းအောင်မျိုး၊ ဒုရဲမှူး မြင့်ဆွေ၊ ဦးသောင်းနိုင်၊ ဥပဒေအရာရှိ ဦးရန်လင်းအောင်၊ စီမံကိန်းဦးစီးမှူး ဒေါ်အေးအေးသိန်းတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စင်မင်းမောင်

*-*-*-*-*



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ၁၂၂၁ မြို့

------

* ဥသြအော်မြည်
ကုန်းဘောင်တည်
မှတ်ရန်လွယ်ပါသည် ။

* အောင်ကျော်ချမ်းအေး
မန္တလေး
မှတ်ဖို့အလွယ်လေး ။

* အင်ကြင်းကြာအုမ်
ရတနာပုံ
မှတ်ကြတစ်မျိုးဖုံ ။

* မြို့ရိုးနီနီ
ကျုံးရေကြည်
မန္တလေးတို့ နေပြည် ။

* သက္ကရာဇ်ကို
မှတ်လို့ထား
ခေတ်သစ်လူငယ်များ ။ ။

(မင်းတုန်းမင်းတရားကြီးသည် မြန်မာသက္ကရာဇ် '၁၂၂၁'ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့ နံနက်တွင် မန္တလေးမြို့ကြီးကို စတင်ပန္နက်ချ တည်ဆောက်ခဲ့ပါသည်။)

မြတ်လင်းသူ

## တောင်တွင်းကြီးမြို့၌ ဝန်ထမ်းများ စာဖတ်ဝိုင်းပြုလုပ်

**တောင်တွင်းကြီး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ စာဖတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန် ဝန်ထမ်းစာဖတ်ဝိုင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်သည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက "နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ"စာအုပ်တွင် ပါရှိသည့် အခန်း(၁၉) ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များစသည့် အကြောင်းအရာများကို ဖတ်ကြားခဲ့ပြီးနောက် ဦးစီးအရာရှိက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

နောင်နောင်(ဗိသုကာမြေ)



## မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ရိုးမဘဏ်၌ ဘဏ်ဝန်ထမ်းများနှင့် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရိုးမဘဏ်ရုံး အတွင်း၊ အပြင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊အရေးပေါ် မီးငြိမ်းသတ်နည်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအကြောင်း အသိပညာပေး ဟောပြောသည်။



(အောက်ပုံ)

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုကာ အရေးပေါ်မီးငြိမ်းသတ်နည်းများ ရှင်းလင်းပြသရာ ဘဏ်ဝန်ထမ်းများက လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၃၄၀)



## ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ လျှော့ချသုံးစွဲရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလော စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့တွင် တစ်ခါသုံး ပလတ်စတစ်အပါအဝင် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမရှိစေရေးနှင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက ကလောမြို့၊ မြို့နယ်ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မြို့ပေါ်ရပ်ကွက်၊ ကျေးရွာနေ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေစန္ဒာမိုးက တစ်ခါသုံး ပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်း၊ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းအန္တရာယ်ဆိုင်ရာ Video Clip ပြသပြီး တက်ရောက်လာကြသည့် ပြည်သူများအား ပလတ်စတစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**စစ်ကိုင်း စက်တင်ဘာ ၂၅**

စက်တင်ဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ရွှေဘိုမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ရဲဇော်ဦး(၃၃)နှစ်၊ ရွှေဘိုမြို့နယ်၊ မေခွန်ကျေးရွာနေသူများဖြစ်ကြသည့် ဒေါ်စုစုလှိုင်(၄၇)နှစ်နှင့် ဒေါ်လှလှစန်း(ခ)စနေမ(၃၄)နှစ်၊ ထနောင်းဝန်းကျေးရွာနေ ကောင်းမြတ်သော်(ခ)နူရွတ်(၁၆)နှစ်နှင့် ဝက်လက်မြို့နယ်၊ကျွဲဇင်းကျေးရွာနေ ထွန်းနိုင်(၅၁)နှစ်တို့အားလည်းကောင်း။

အလားတူ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့နယ်၊ သင်တောကြီးကျေးရွာနေ အောင်ဗိုလ်သွန်း(၂၅)နှစ်အားလည်းကောင်း၊ ကျိုက်မရောမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့နယ်၊မင်းရွာကျေးရွာနေ သန့်ဇော်အောင်(ခ)ကတုံး(၂၉)နှစ်အားလည်းကောင်း၊ ထို့အတူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့နယ်၊ အောက်ကျင်းရပ်ကွက်နေ စိုးထိုက်(၅၇)နှစ်အားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် ရဲဇော်ဦးပါ ရှစ်ဦးအား သက်ဆိုင်ရာရဲစခန်း အသီးသီး၌ ပို့ကုန်သွင်းကုန် ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၁၃ ဒသမ ၉၉၀၈ တန်၊ သစ်မာ ၂၅ ဒသမ ၅၇၁၆ တန်၊ အခြား ၇၇ ဒသမ ၂၃၂၂ တန်၊ စုစုပေါင်း ၁၁၆ ဒသမ ၇၉၄၆ တန်၊ ယာဉ်၊ ယန္တရားလေးစီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*–*–*–*–*





## မိုးသည်းထန်စွာရွာသွန်း၊ သစ်ပင်လဲကျ၍ ရှင်းလင်းဖယ်ရှား

**မကွေး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေးချိုကျေးရွာအုပ်စု၊ ရေနံချောင်း-ငွေးချို ကားလမ်း မိုင်တိုင်အမှတ်(၃၇၃/၄)နှင့် (၃၇၃/၅)ကြားတွင် ယနေ့နံနက် ၆ နာရီ ၂၅ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပေါ်ရှိ သက်တမ်းရင့် ထနောင်းပင်သည် အမြစ်မှလဲကျ၍ လမ်းပေါ် ပိတ်မိနေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ်၊ ငွေးချိုနယ်မြေမီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**စစ်ကိုင်း စက်တင်ဘာ ၂၅**

စက်တင်ဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့နယ်၌ သုံးလုံးထီလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့နယ်၊ သောတပန်ရပ်ကွက်၊ "ဒိုးကြီး"အကင်ဆိုင်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ စစ်ကိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်၌ သောတပန်ရပ်ကွက်နေ ဇင်မင်းထွန်း(၄၇)နှစ်အား သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇင်မင်းထွန်းအား စစ်ကိုင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*–*–*–*–*

ဥပဒေဘောင်
အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ။

# မန္တလေး ချမ်းသာကြီးအသင်းကြီး၏ (၄၇) ကြိမ်မြောက် သက်တော်ရှည်ဂုဏဝယဝုဒ္ဓိပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ

မန္တလေးမြို့ ကျက်သရေဆောင် ချမ်းသာကြီးဆန်လှူအသင်းကြီး၏ သက်တော်ရှည်ပူဇော်ပွဲ(၄၇)ကြိမ်မြောက် အခမ်းအနားသို့ ၁၄-၉-၂၀၂၅ ရက် ၈ နာရီအချိန် စာရေးသူတို့ မြို့နယ်အသင်းသွားရောက်ကြည်ညိုခွင့်ရခဲ့သည်။ ယင်းပူဇော်ပွဲအတွက် စာရေးသူတို့ မြို့နယ်အသင်းသူ၊ အသင်းသားများက သက်တော် ၈၀၊ ၉၀၊ ၁၀၀ ကျော် ထေရ်ကြီး၊ ဝါကြီးအရှင်မြတ် ၂၀၆ ပါးတို့အတွက် သင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများကို မြို့နယ်အတွင်းမှ ကောင်းမှုရှင်များထံ အလှူခံ၍ ပစ္စည်းများကို ကြိုတင်ပြင်ဆင်ပြီး ပူဇော်ပွဲသို့ သွားရောက်ခဲ့ကြသည်။ လှူဖွယ်ဝတ္ထု၊ သင်္ကန်း၊ ပန်းခြင်းများ၊ သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ကားဖြင့် ကြိုတင်ပို့ဆောင်ရသည်။

မြို့နယ်ကောင်းမှုရှင်များကလည်း ဝမ်းမြောက်ဝမ်းသာလှူဒါန်းခဲ့ကြပါပေ၏။ မန္တလေး ချမ်းသာကြီးဆန်လှူအသင်းကြီး၏ မူလဥက္ကဋ္ဌကြီး ဦးဒွေးကို သတိရမိသည်။ လွန်ခဲ့သော ၄၂ နှစ်က စာရေးသူထံသို့ ဥက္ကဋ္ဌကြီး ဦးဒွေး၊ ဦးသန့်စင်၊ ဝိဇယ ဦးလှမောင်၊ ဦးသန်းထွန်းတို့ ရောက်လာကြသည်။ စာရေးသူအား ပုသိမ်ကြီးမြို့နယ်အသင်းဥက္ကဋ္ဌကို တာဝန်ပေးခဲ့သည်။ စာရေးသူ အသက် ၃၇ နှစ်မျှသာ ရှိသေးသည်။ ယခုစာရေးသူ အသက် ၈၀ နားနီးလာသောအခါ ဦးဒွေး၊ ဦးသန့်စင်နှင့် ဝိဇယ ဦးလှမောင်တို့ ကွယ်လွန်သွားကြရှာပြီ။ ပထမဥက္ကဋ္ဌ ဦးဒွေး၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်တို့ ကွယ်လွန်သွားသောအခါ တတိယမျိုးဆက်ဥက္ကဋ္ဌ ဦးထွန်း၊ အတွင်းရေးမှူး ဦးအောင်မင်းဆွေတို့က ဆက်လက်တာဝန်ထမ်းဆောင်နေကြပြီး ဥက္ကဋ္ဌ ဦးဒွေး၏ ကြိုးပမ်းမှုဖြင့် ယခု အသင်းမြေနေရာနှင့် အဆောက်အအုံတိုက်ကြီးကို ထိုစဉ်က ကာလပေါက်ဈေး သိန်းပေါင်း ၁၂၅၀ ကျပ်ဖြင့် ဝယ်ခဲ့သည်။ ထိုစဉ်ကအသင်းမှာ ဘဏ်တွင် အပ်နှံထားသော ငွေကျပ်သိန်း ၂၅၀ ခန့်သာရှိသည်။ အစိုးရက အကြွေးဖြင့် ရောင်းပေးခဲ့သည်။ ဥက္ကဋ္ဌကြီး ဦးဒွေးက ဆရာတော်ကြီးများကို လျှောက်ထားသည်။ မန္တလေးမြို့တွင် အထင်ကရ ဆရာတော်ကြီးများက အသင်းတိုက်ကြီးအတွက် ဝတ္ထုငွေများ စွန့်၍ လှူဒါန်းကြသည်။ ထိုစဉ်က စာရေးသူသည် မြကျောက်ဆရာတော်ကြီးကို လျှောက်ထားရာ မြကျောက်ဆရာတော်ကြီးက အလှူတော်ငွေကျပ်သုံးသိန်း လှူဒါန်းခဲ့ပေ၏။ ဆရာတော်၊ သံဃာတော်များနှင့် မန္တလေးမြို့ရှိ သူဌေးများ၊ မြို့နယ်အသင်းများက စုပေါင်းလှူဒါန်းရာ နှစ်နှစ်အတွင်း အစိုးရအကြွေးတွေ ကျေခဲ့လေသည်။

ယခုတော့ အသင်းတိုက်ကြီးသည် မန္တလေးမြို့လယ် အထင်ကရနေရာကြီး သာသနာပြုရာဌာနကြီးဖြစ်လာခဲ့လေပြီ။ သို့သော် ၂၈-၃-၂၀၂၅ ရက်နေ့ ငလျင်ဘေးကြီးဖြစ်သောအခါ အသင်းတိုက်ကြီး၏ စနေထောင့်အရပ်က အပေါ်ထပ်ကြီး ပြိုကျသွားခဲ့သည်။ အသင်းပိုင် အလှူခံ မော်တော်ယာဉ်နှစ်စီးနှင့် ယာဉ်ငယ်တစ်စီး ပျက်စီးသွားခဲ့သည်။ အသင်း၏ ရွှေပြည်ညွှန့်ဓမ္မာရုံကြီး၏ မျက်နှာကြက်များ ပြုတ်ကျပျက်စီးကုန်သည်။ ယခုတော့ ကုမ္ပဏီတစ်ခုက မူလအဆောက်အအုံကြီးကို ပြန်လည်ပြုပြင်လှူဒါန်းလျက်ရှိသည်။ ရွှေပြည်ညွှန့် ဓမ္မာရုံမျက်နှာကြက်တွေ အားလုံးပြီးခဲ့ပြီ။

စာရေးသူသည် ချမ်းသာကြီးဆန်လှူအသင်းကြီးဖြတ်သန်းမှုကို အမှတ်ရနေမိသည်။ သက်တော်ရှည်ပူဇော်ပွဲကာလတိုင်း မိုးရွာတတ်သည်။ ယခုလည်း မိုးက တဖွဲဖွဲရွာနေသည်။ လမ်းမပေါ်တွင် မိုးရေတွေ ပြည့်လျှံနေသည်။ ဈေးချိုအနောက်ဘက် ၂၆ လမ်းမပေါ်တွင် ရေတွေ ချောင်းဖြစ်နေသည်။ ကားမောင်းသူ ရဲလင်းထွန်းက မစိုးရိမ်ရပါဘူးဟု ပြောသည်။ ဆိုင်ကယ်တွေတော့ ထိုးရပ်ကုန်သည်။ အချို့သော ကားတွေ ရပ်ကုန်သည်။

မကြာမီ သက်တော်ရှည်ပူဇော်ပွဲ ကျင်းပရာ ရွှေပြည်ညွှန့် ဓမ္မာရုံကြီးပေါ်မှာ အခမ်းအနား စတင်နေပြီ။ ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုပြီး ကျေးဇူးတော်ရှင် သက်တော်ရှည် နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မိုးကောင်းတိုက် ဇယျဝတီကျောင်း ဆရာတော် ဘဒ္ဒန္တ သုဇာတာ ဘိဝံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်များ စုပေါင်းရွတ်ပွားအပ်သော မေတ္တသုတ်နှင့် ပရိတ်တရားတော်များကို ပရိသတ်များက ကြည်ညိုနာယူကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးထွန်းက ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူနိုင်ပါရန် ဩဝါဒတရားချီးမြှင့်ရန် လျှောက်ထားသည်။

ဩဝါဒတရားချီးမြှင့်ရာတွင် ကျေးဇူးတော်ရှင် သက်တော်ရှည်အဂ္ဂမဟာပဏ္ဍိတ အဝေရာ ရာမရန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဝါဒသီရိဘိဝံသ ဆရာတော်ကြီးက ကာယကံ၊ ဝစီကံ၊ မနောကံ ပြုတိုင်း မဂ္ဂင်ပါအောင် ကျင့်သုံးကြဖို့၊ လူ့တန်ဖိုးဟာ သီလနဲ့ပညာ အရေးကြီးပါကြောင်း၊ သီလနဲ့ပညာပါမှ ဘုရားရှင်အဆုံးအမညီမှာ ဖြစ်ကြောင်း၊ ဘုရားရှင်တိုင်းဟာ အဓိက သီလစင်ကြယ်စေရန် ကျင့်သုံးခဲ့လို့ ဘုရားရှင်အဆူဆူပွင့်တော်မူခဲ့တာပါ။ ဒကာ၊ ဒကာမ အပေါင်းတို့လည်းပဲ ကံသုံးပါးမှာ မဂ္ဂင်ပါအောင် ကျင့်သုံးကြပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါစေဟု ဩဝါဒတရားတော်ကို အကျဉ်းချုပ်ဟောကြားတော်မူသည်။

ဆက်လက်၍ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းရာတွင် ပင်မကောင်းမှုရှင် မူလဥက္ကဋ္ဌ ဦးဒွေး၏သမီး ဒေါ်လှကြည် မိသားစုတို့က လှူဖွယ်ဝတ္ထုများကို ဆက်ကပ်ရာတွင် သက်တော်ရှည်ဆရာတော်ကြီး ၂၀၆ ပါးအတွက် အလှူတော်ငွေ ၂၀၆ သိန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုကို ဆက်ကပ်လှူဒါန်းကြသည်။ စာရေးသူတို့ ပုသိမ်ကြီးမြို့နယ်အသင်းက ဆရာတော်ကြီးများကို သင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ကောင်းမှုအစုစုကို ကျေးဇူးတော်ရှင် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သဒ္ဒန္တဝါသေဋ္ဌဘိဝံသက ရေစက်ချတရားနှင့် ဩဝါဒချီးမြှင့်ရာတွင် ပညာရှိသူတော်တော်ကောင်းတို့၏ စကားတစ်ခွန်းဟာ ပတ္တမြားဆည် ကြိုး၊ အဖိုးပြည်တန်၊ အဝေရာ ရာမဆရာတော်ကြီး ဆုံးမတဲ့အတိုင်း အဖိုးပြည်တန်၊ ဇကုံမှချ တစ်လုံးရသလို အကျိုးကြီးကြောင်း ဖြည့်စွက်ဆုံးမတော်မူပြီး ရေစက်ချပေးတော်မူသည်။

အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီးမြောက်ပြီး ဆရာတော်ကြီးများကြွရောက်မည့် နတ်လမ်းတစ်လျှောက် မဏ္ဍပ်ကြီးက အပြင်ဘက်တွင် မိုးကြီးရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သဖြင့် ရွှေပြည်ညွှန့် ဓမ္မာရုံကြီးနှင့် အသင်းတိုက်ကြီးပေါ်တွင် ပြောင်းရွှေ့၍ လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံကို လှူဒါန်းကြသည်။ စာရေးသူတို့အဖွဲ့နှင့် ဦးဒွေး၏သမီး ဒေါ်လှကြည် မိသားစုတို့၏ ကောင်းမှုမျက်နှာချင်းဆိုင်၍ လှူဒါန်းခွင့်ရသည်။

စာရေးသူအား ဒေါ်လှကြည်က မှတ်မိနေသည်။ ယခင်က ဝဝဖိုင့်ဖိုင့်၊ တောင့်တင်းခိုင်မာသော ဒေါ်လှကြည်သည် သွယ်လျလျ၊ ပိန်ပိန်ပါးပါး ဇရာလက္ခဏာများဖြင့် အမြဲတမ်းပြုံးရွှင်နေသော ပြုံးရွှင်မှုဖြင့် စာရေးသူကို နှုတ်ဆက်သည်။ စာရေးသူသည် ဒေါ်လှကြည်အပြုံးနှင့်အတူ ခင်မင်စွာ လှမ်းလာသော လက်ကို ဆုပ်ကိုင်မိသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အသင်းအကျိုးကို ဦးဒွေးနှင့်အတူ ဆောင်ရွက်ခဲ့သော ဦးဒွေး၏ သမက် ဦးဘရွှေ ကွယ်လွန်ခဲ့သည်မှာ ၁၅ နှစ်ကြာခဲ့ပြီ။ ယခုကောင်းမှုသည် ဖခင်ကြီး ဦးဒွေး၊ မိခင်ကြီး ဒေါ်တုတ်၊ ခင်ပွန်း ဦးဘရွှေ၊ သားကြီး လှမျိုးသိန်း တို့အား ရည်စူး၍ ယခုကောင်းမှုပြုပါကြောင်း ယပ်တောင်လေးကို ပြသည်။ စာရေးသူလည်း ထိုယပ်တောင်ကို ရခဲ့သည်။

မကြာမီ သက်တော်ရှည်ဆရာတော်များ ကြွလာရာ လမ်းတစ်လျှောက်တွင် ပရိသတ်အပေါင်းက လှူဖွယ်ဝတ္ထုများကို လှူဒါန်းနေကြသည်မှာ အလွန်ကြည်ညိုဖွယ်ကောင်းလှသည်။ ချမ်းသာကြီးဆန်လှူအသင်း၏ သုဇာတာအဖွဲ့ကလည်း ဝမ်းမြောက်ဝမ်းသာလှူဒါန်းနေကြသည်။ အသင်းကြီး၏ အကျိုးတော်ဆောင်အဖွဲ့က စာရေးသူအား လှူဒါန်းပေးပါဟု အသင်းကောင်းမှုဝတ္ထုငွေ စာအိတ်များ လှူဒါန်းပြုနိုင်းသည်။ ပင့်သံဃာ ၂၀၆ ပါးဆိုသော်လည်း အချို့သော သက်တော်ရှည်ဆရာတော်ကြီးများက ကြွမလာနိုင်။ ကပ္ပိယအဖွဲ့များက အလှူခံလာကြသည်။ စာရေးသူ အသင်းတိုက်ကြီးအောက်ထပ်တွင် လောင်းလှူနေကြသော ကောင်းမှုရှင်များ၊ လှူဒါန်းနေကြသော အလှူရှင်များကို မြင်တွေ့ရပြီ။

မင်းကွန်းဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က တရားတော်ကို သတိရမိသည်။ ဒကာကြီးတို့ ဝါတွင်းကာလမှာ ဒကာကြီးတို့ ဒါယကာ၊ ဒါယိကာမများ ခြောက်သောင်းကျော်သော သံဃာအပေါင်းကို လှူဒါန်းခဲ့တဲ့ မဟာသံဃိက၊ မဟာကဏ္ဍာ၏ ကောင်းမှုများ၊ မန္တလေးမြို့သူ၊ မြို့သားတွေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ ကောင်းမှုကိုယ်စီရခဲ့ကြပါပြီ။ အဲ့ဒီသံဃာတွေထဲက သက်တော် ၈၀ ကျော်၊ သိက္ခာတော် ၆၀ ကျော်တဲ့ ထေရ်ကြီးဝါကြီးတွေကို ပူဇော်ကြကွဲ့။ ဘုန်းကြီးလိုချင်လို့ မဟုတ်ပါဘူး။ ဒကာ၊ ဒါယိကာမတွေ ရစေချင်လို့။

ဆရာတော်ကြီး၏ ခိုင်းစေချက်အရ ဦးဒွေး ဦးဆောင်ပြီး ယခုကောင်းမှုကို စသောအခါ သက်တော်ရှည်ဆရာတော် အပါး ၁၀၀ ကျော်မျှသာ ရှိပါတော့သည်။ ယခုနှစ်မတိုင်မီမှစ၍ အပါး ၂၀၆ ပါးခန့်သာ ရှိတော့သည်။ တိပိဋကက ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များကိုလည်း ပင့်သည်။ ထိုအရှင်မြတ်တွေက သက်တော် ၈၀၊ သိက္ခာတော် မကျော်သေး။ ဂုဏဝုဒ္ဓိအရာဖြစ်၍ ပင့်လျှောက်ခဲ့ခြင်းဖြစ်သည်။

စာရေးသူပူဇော်ပွဲကြီး ပြီးဆုံး၍ ပြန်မည်ဆိုသောအခါ မလွန်အသင်းကြီး၏ အကျိုးတော်ဆောင်များကို တွေ့ရသည်။ ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ဖြစ်မိသည်။ အသံချဲ့စက်မှ စကားပြောနေသူ ဦးအောင်မင်းဆွေက မလွန်ဆန်လှူအသင်းကြီးမှ လာရောက်အားပေးခြင်းအတွက် ဝမ်းမြောက်စကားပြောကြားသံကို ကြားရသည်။ မလွန်ဆန်လှူအသင်းကြီးနှင့် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းကြီးတို့သည် ဗုဒ္ဓမြတ်စွာ သာသနာ့ဝန်ထမ်းရှင်ရဟန်းခုနစ်သောင်းကျော်တို့အတွက် ဆွမ်းကိစ္စမပင်ပန်းရစေရန် လက်တွဲဆောင်ရွက်နေခြင်းဖြစ်ပါလေ၏။ စာရေးသူတို့အဖွဲ့ မော်တော်ယာဉ်ဖြင့် မထွက်ခွာမီ ရွှေပြည်ညွှန့်ဓမ္မာရုံပေါ်မှ သတိထား၍ ဆင်းလာသော နာယကကြီး ဦးသန်းထွန်းကို မြင်ရသည်။

စာရေးသူ ကားပေါ်မှ ဆင်း၍ နှုတ်ဆက်ချင်သည်။ စာရေးသူ ကားပေါ်မှ ဆင်းရမှာကို ခန္ဓာကိုယ်က အလိုမလိုက်ချင်။ လူအိုတစ်ယောက်၏ ဒုက္ခက တားဆီးထားသည်။

မကြာမီ ယပ်တောင်အနီလေးတစ်ခုကို မိန်းကလေးတစ်ယောက်ဆီက ရသည်။

ထိုယပ်တောင်လေးတွင် ဘုရား၊ တန်ဆောင်း၊ ကျောင်းဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ မီးစက်၊ ရဟန်းဒါယကာကြီး ၃၆ နှစ်တိုင်တိုင် မန္တလေးချမ်းသာကြီးဆန်လှူအသင်း ဥက္ကဋ္ဌကြီး သုံးသောင်းကျော်သော ဝါဆိုသံဃာတော်အရှင်မြတ်တို့၏ ဆွမ်းဒါယကာကြီး ဖခင်ကြီး ဦးဒွေး၊ မိခင်ကြီး ဒေါ်တုတ်၊ ခင်ပွန်း ဦးဘရွှေ၊ သားကြီး ကိုလှမျိုးသိန်းတို့အား ရည်စူး၍ တက်နေလင်း အော့(ဖ်)ဆက် မိသားစုကောင်းမှု ရေးထိုးထားသည်။

စာရေးသူအဖွဲ့ နှစ်စဉ် လှူဒါန်းမြဲဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဆီသို့ ရွှေသင်္ကန်းကပ်ရန် ထွက်ခဲ့သည်။ မိုးကြီးက ဆက်လက်ရွာသွန်းနေသည်။ ပူဇော်ပွဲကြီးကတော့ အောင်မြင်ခဲ့လေပြီ။ သို့ဆိုစေ (၄၇)ကြိမ်မြောက် ဂုဏ၊ ဝယဝုဒ္ဓိပူဇော်ပွဲကိုဖြင့် မိုးလုံ၊ လေလုံ အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေပြီ။ အသင်းတိုက်ကြီးအား ဆက်လက်လှူဒါန်းဆောက်လုပ်ပေးနေသော ကုမ္ပဏီကောင်းမှုရှင်များအား သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။

ယခုနှစ်တော့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခွင့် မရခဲ့ခြင်းကိုတော့ စိတ်မကောင်းဖြစ်မိသည်။ ကားပေါ်တွင် ယပ်တောင်တစ်ဖက်ကို ဖတ်ကြည့်မိသောအခါ ဒေါ်လှကြည်၏ အသက် ၈၁ နှစ်ပြည့်ကောင်းမှုဟု ဆိုသည်။

စာရေးသူ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးစေခိုင်းခဲ့သော သက်တော်ရှည်ပူဇော်ပွဲကြီးကို ဆရာတော်ကြီး အဘယ်ကြောင့် ခိုင်းစေခဲ့ပါသနည်း။ ဆရာတော်ကြီးကတော့ ဖွင့်ပြောမသွားခဲ့။

ဒကာ၊ ဒကာမများက အရိယာအရှင်မြတ်တွေကို ပူဇော်ခြင်းဖြစ်သည်ဟု အနုမာနဖြင့် ကြည်ညိုနိုင်ကြပါလေ၏။ ထိုသို့ ကြည်ညိုနိုင်ပါစေ။ ဗုဒ္ဓသာသနံ စိရတိဋ္ဌတု။ ။

မာဃိန္ဒ(ပုသိမ်ကြီး)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၅၀/ချောင်းကြီးဝကွင်း)၊ ဦးပိုင်အမှတ်(၄၁/၃)၊ ဧရိယာ(၁ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ ဦးသန်းဇော်ဝင်း အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ရ ပုံစံ(၇) လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက် လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဦးသန်းဇော်ဝင်း(ဘ)ဦးအောင်သိန်း(၉/ပသက(နိုင်)၁၀၄၁၁၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်စာခြည်ခိုင် (တရားလွှတ်တော်ရှေ့နေ)**
**(LL.B) (DBL) (PGDE)**
**၄/၂(၁၇)၊ ၄ရွှေဝါလမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ အမှတ်(၃)ရပ်ကွက်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၆၅၂၀၊ ၀၉-၇၉၇၂၅၄၂၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီချိုပါရပ်ကွက်၊ အကွက်အမှတ်(၄၇၀)၊ အိမ်အမှတ်(၂၀၁)နေ ဦးလှဦး(ဘ)ဦးပေါ်အေး(၉/မရတ(နိုင်)၀၅၁၂၈၀)နှင့် ဒေါ်အမာတင်(ဘ)ဦးဘအောင်(၉/မရတ(နိုင်)၀၅၁၂၈၁)၊ ဦးအောင်မျိုးထက်(ဘ)ဦးမြဝင်း(၉/ခမရ(နိုင်)၀၂၀၂၁၈)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးလှဦးနှင့် ဒေါ်အမာတင်တို့၏ သမီး၊ ဦးအောင်မျိုးထက်၏ ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်အောင်(၉/ခမစ(နိုင်)၀၁၅၆၉၀)သည် မိသားစု၏ ဆိုဆုံးမမှုကို နာခံလိုက်နာခြင်းမရှိဘဲ မိသားစုအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်၍ နေအိမ်မှ ထွက်ခွာသွားပါသဖြင့် မိသားစုနှင့် ဒေါ်နွယ်နွယ်အောင်တို့သည် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်ခြင်း လုံးဝမရှိတော့ပါသဖြင့် နောက်နောင်တွင် ဒေါ်နွယ်နွယ်အောင်နှင့် ပတ်သက်သည့် ငွေရေးကြေးရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအား မိသားစုမှ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဦး၊ ဒေါ်အမာတင်၊ ဦးအောင်မျိုးထက်တို့၏ လွှဲအပ်ချက်အရ-**
**ဦးပြည့်စုံအောင် (LL.B)**
**အထက်တန်းရှေ့နေ**
**၃၀(A)လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၇၈၇၁၅၂၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၃)၊ ဦးပိုင်နံပါတ်(၄၆-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရွှေသီ(ဘ)ဦးသိန်းမောင်(၉/မရတ (နိုင်)၀၉၀၀၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL) — တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B) — တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့်၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်နံပါတ်(၄၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးနေမောင်ထွန်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းနှင်းကြည်(ဘ)ဦးတင်ဌေ(၁/ကမန(နိုင်)၀၂၆၈၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL) — တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B) — တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့်၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၇)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်မြကေသွယ်(ဘ)ဦးမြဖေ(၅/စကန(နိုင်)၀၂၇၆၁၄)၊ ၂။ ဒေါ်မြဥမ္မာ(ဘ)ဦးမြဖေ(၅/စကန(နိုင်)၀၂၇၆၁၅)၊ ၃။ ဦးကျော်သက်(ဘ)ဦးမြဖေ(၅/စကန(နိုင်)၀၀၀၈၆၁)၊ ၄။ ဦးသက်ဇော်(ဘ)ဦးမြဖေ(၅/စကန(နိုင်)၀၀၀၈၆၂)နှင့် ၅။ ဦးမြင့်ဇော်(ဘ)ဦးမြဖေ(၅/စကန(နိုင်)၀၀၀၈၆၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(F-1)၊
(၁) ဦးပိုင်အမှတ်(F-1-A)၊ ဧရိယာ (၂ ဒသမ ၃၇၃၇)ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်
(၂) ဦးပိုင်အမှတ်(F-1-B)၊ ဧရိယာ (၂ ဒသမ ၄၇၄၇)ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်
(၃) ဦးပိုင်အမှတ်(F-1-C)၊ ဧရိယာ (၂ ဒသမ ၅၇၅၈)ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်

ယင်းဂရန်မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲမှုဌာနနှင့် မှတ်တမ်းထိန်းသိမ်းရေးဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ဝင်းမော်မော်(၉/မရမ(နိုင်)၀၅၇၉၆၉)အမည်ဖြင့် မှတ်သားထားပါသည်။ "(၂၇-၀၅-၂၀၁၁)ရက်စွဲပါ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်တို့ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆုံးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ဖြင့်" ဒေါ်ဝင်းမော်မော်ထံမှ (၁) ဒေါ်ကောင်းဆိုင်မေ(၁၃/မကန(နိုင်)၀၁၅၈၈၉)၊ (၂) ဒေါ်နန်းမြတင်(၁၃/မကန(နိုင်)၀၁၆၈၀၆)၊ (၃) ဒေါ်ကြည်ကြည်ဝင်း(၉/ပကခ(နိုင်)၀၃၉၈၂၆)တို့မှ ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပါသည်။ မိမိတို့ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်ထွန်း(ခ)ဦးခင်တင့် (တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၃၉၃၀၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်နံပါတ်(၂၇-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးစိုးဝင်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်နိုင်ဝင်း(ဘ)ဦးမြင့်ရွှေ(၅/ပဘလ(နိုင်)၀၅၂၄၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) — တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) — တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅)၊ ဦးပိုင်နံပါတ်(၃၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်အေးချစ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့သည့် မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှသွယ်(ဘ)ဦးဝင်းမောင်(၉/မရမ(နိုင်)၀၂၈၉၇၆)[၄င်း၏ကိုယ်စား ဒေါ်မာမာရွှေ(ဘ)ဦးဝင်းမောင်(၉/ပကခ(နိုင်)၀၁၀၀၉၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) — တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) — တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစ်အောင် (LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော "(၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရကျောင်းသားနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများဖြစ်သည့် ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရ ကျောင်းသားနှင့် သင်တန်းထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ချီးမြှင့်ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စီမံကိန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးညိုစော ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသားမိဘများ၊ သင်တန်း ထူးချွန်ဆုရ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆု ရရှိကြသူများသည် ကြိုးစားအားထုတ်မှု၊ ဖွဲလုံ့လရှိမှုနှင့် ဉာဏ်ရည်ဉာဏ်သွေး ပြည့်ဝမှုတို့ကြောင့် ထိုက်တန်သည့်ဆုများကို ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သွားကြရမည့်သူများဖြစ်သည့်အတွက် အသိပညာ ဗဟုသုတမြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း။

ထို့ပြင် နိုင်ငံတော်က ဖွင့်လှစ်သည့် သင်တန်းအသီးသီးတွင် တက်ရောက်ပြီး ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကိုလည်း ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျန်းမာကြံ့ခိုင်၍ ထူးချွန်ထက်မြက်သည့် "လူငယ်များ၏အား"ဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် လူငယ်များကို အစဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ကျောင်းပညာရေး သာမက နည်းပညာခေတ် ဖြစ်သည့်အတွက် သုတေသနအခြေပြု လေ့လာမှုများမှ တစ်ဆင့် နိုင်ငံတော်၏ဒစ်ဂျစ်တယ်စီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

### ပြောကြား

ယနေ့ခေတ်မှာ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှုများပြားလာသည်နှင့်အညီ သတင်းတု၊ သတင်းမှားများကို **အသိ၊ သတိ၊ ဉာဏ်ပညာဖြင့်** ဆင်ခြင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မှေးမှိန်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ အနာဂတ်ကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကိုလည်း အထူးသတိပြု ရှောင်ကြဉ်ကြရန်နှင့် ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း ကိုယ်လက်လှုပ်ရှားအားကစားကို လေ့လာလိုက်စားကြစေလိုကြောင်းနှင့် နောင်နှစ်များတွင်လည်း ဒီထက်မက ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်သည့် ဝန်ထမ်းကောင်းများအပြင် နိုင်ငံတော်ကကျင်းပသည့် ပြိုင်ပွဲများတွင်လည်း စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ငါးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့်လေးဘာသာဂုဏ်ထူးရှင် လေးဦးတို့ကို လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့ကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ သုံးထပ်ကွမ်း လူရည်ချွန်ဆုရရှိခဲ့သည့် ကျောင်းသားနှင့် ထူးချွန်ဝန်ထမ်းများအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပညာသင်ချီးမြှင့်ငွေများကိုလည်း ပေးအပ်ချီးမြှင့်ကြရာ ဂုဏ်ထူးရကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူအမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဝန်ထမ်းများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည့်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဟံသာဝတီယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**

MNL (U-21) Youth League 2025 ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟံသာဝတီယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲစဉ်ပြီးဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းအား အနိုင်ရယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်တိုင်း ချီးမြှင့်လျက်ရှိသည့် AYA Pay Man Of The Match အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်း ကစားသမား Yaw Bawn ကျော်နံပါတ် (၁၇)က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် MNL (U-21) Youth League 2025 ပွဲစဉ် ၂၂ပွဲကစားအပြီးတွင် ရမှတ် ၂၈မှတ်ဖြင့် အဆင့် ၉နေရာတွင် ရပ်တည်လျက်ရှိသည်။

(NGB)

